ARISE+
Funded by the European Union

# အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် (CBTP) အား အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## “ပို့ဆောင်ရေးအရာရှိများအတွက် လက်စွဲစာစောင်”

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

*ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(အာဆီယံဌာနစိတ်) မှဘာသာပြန်ဆိုသည်။*

**အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး**

**မူဘောင်သဘောတူစာချုပ် (CBTP) အား အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ**

**"ပို့ဆောင်ရေးအရာရှိများအတွက် လက်စွဲစာစောင်"**

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိတ်ဆက် | ၃ |
| ၁။ | နိဒါန်း | ၄-၅ |
| ၂။ | CBTP အကောင်အထည်ဖော်ခြင်းအတွက် လမ်းညွှန်ချက်များ | ၅-၇ |
| ၃။ | နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး လမ်းကြောင်းများနှင့် အဝင်/ အထွက် နေရာများ သတ်မှတ်ခြင်း | ၇-၁၅ |
| ၄။ | သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများအား လိုင်စင်ထုတ်ပေးခြင်း | ၁၅-၂၀ |
| ၅။ | အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်ပါမစ် | ၂၀-၂၆ |
| ၆။ | ခရီးသည်ပို့ဆောင်ရေးဆောင်ရွက်မှုများအတွက် ခွင့်ပြုထားသောမော်တော်ယာဉ် အရေအတွက် | ၂၆-၂၇ |
| ၇။ | နယ်စပ်ဂိတ်များ၌ကြီးကြပ်ရန် လုပ်ထုံးလုပ်နည်းများ | ၂၇-၂၉ |
| ၈။ | ခရီးသည်များ၏ပုဂ္ဂိုလ်ရေးဆိုင်ရာပိုင်ဆိုင်မှုများကို ကြီးကြပ်သည့်အကောက်ခွန်<br>– အခွန်ကင်းလွတ်ခွင့်<br>– ယာယီဝင်ရောက်ခွင့် | ၂၉-၃၁ |
| ၉။ | ခရီးသည်များအားလူဝင်မှုကြီးကြပ်ခြင်း | ၃၁-၃၂ |
| ၁၀။ | ကျန်းမာရေးစစ်ဆေးခြင်း | ၃၂-၃၃ |
| ၁၁။ | ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ခံမှု | ၃၄-၄၀ |
| ၁၂။ | မော်တော်ယာဉ်များအတွက် မဖြစ်မနေထားရမည့် သူတစ်ပါးထိခိုက်မှုအာမခံ | ၄၀-၄၂ |
| ၁၃။ | မော်တော်ယာဉ်များအတွက် နည်းပညာဆိုင်ရာလိုအပ်ချက်များ | ၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်ပါမစ်ထုတ်ပေးခြင်း (APVP) အတွက်လုပ်ထုံးလုပ်နည်းများ<br>ခွင့်ပြုမိန့်လျှောက်ထားခြင်း လုပ်ငန်းစဉ် (SOP) | ၄၂-၄၆ |
| ၁၅။ | နယ်စပ်ဂိတ်များ၌ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ<br>သယ်ယူပို့ဆောင်ရေးကို စစ်ဆေးခြင်းအတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ<br>နောက်ဆက်တွဲ - (က)<br>နောက်ဆက်တွဲ - (ခ)<br>နောက်ဆက်တွဲ - (ဂ)<br>နောက်ဆက်တွဲ - (ဃ)<br>နောက်ဆက်တွဲ - (င)<br>နောက်ဆက်တွဲ - (စ)<br>နောက်ဆက်တွဲ - (ဆ) ခရီးသည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ် သတ်မှတ်ချက်များ | ၄၆-၆၂ |
| ၁၆။ | အာဆီယံ(၁၀)နိုင်ငံတွင် ခွင့်ပြုထားသော ဘတ်စ်ကားနှင့် မီနီဘတ်စ်ကားများ အတွက် နည်းပညာဆိုင်ရာသတ်မှတ်ချက်များ | ၆၃-၇၈ |

**မိတ်ဆက်**

ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်မှာ အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် (CBTP) အား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အထောက်အကူဖြစ်စေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာအရာရှိများအား လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များထောက်ပံ့ပေးနိုင်ရန် ဖြစ်ပါသည်။

ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များသည် အာဆီယံပို့ဆောင်ရေးအရာရှိများအနေဖြင့် တစ်ပြေးညီအသုံးချခြင်း ပြုလုပ်နိုင်စေရန်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာကိရိယာနှင့် အထောက်အပံ့ပစ္စည်းအဖြစ် ပါဝင်လုပ်ဆောင်နိုင်စေရန်ရေးဆွဲထားခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်သည်အဖွဲ့ဝင်နိုင်ငံများအတွက် (CBTP) ကိုလက်တွေ့အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများအပေါ် "ဘုံနားလည်မှုရရှိနိုင်ရန်" ဖြစ်ပါသည်။

CBTP ကို ကနဦးစတင်လက်တွေ့အကောင်အထည်ဖော်ရာတွင် "နေရာတစ်ခုမှတစ်ခုသို့ (point-to-point operation)" ကိုရှေ့ပြေးအရင်ဆောင်ရွက်ရန် အကြံပြုပါသည်။ ဤသို့ဆောင်ရွက်ရာ၌ အဖွဲ့ဝင် (၂) နိုင်ငံ (သို့မဟုတ်) (၃) နိုင်ငံသာ ပါဝင်အကောင်အထည်ဖော်လျှင် ပိုမိုလွယ်ကူမည်ဖြစ်ပါသည်။

ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များသည် တရားဝင်လိုက်နာရန်အတွက် မဟုတ်ဘဲ ရည်ညွှန်းကိုးကားရန်အတွက်သာ အသုံးပြုမည်ဖြစ်သည်။

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

# အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် (CBTP) အား အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## "ပို့ဆောင်ရေးအရာရှိများအတွက် လက်စွဲစာစောင်"

**နိဒါန်း**

၁.၁ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) ကို ထူထောင်ရန် အာဆီယံခေါင်းဆောင်ကြီးများ၏ ဆုံးဖြတ်ချက်သည် အာဆီယံဒေသတွင်းကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းစေရန် ဖြစ်သည်။ AEC ကို အမြစ်တွယ်စေရန် မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည် သယ်ယူပို့ဆောင်ရေးအား သဟဇာတဖြစ်အောင်ထူထောင်ခြင်းသည် အဓိကဦးစားပေးဖြစ်သည်။

၁.၂ အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်သည် ထိုရည်ရွယ်ချက်များကို နားလည်သဘောပေါက်စေရန်အတွက် အဓိကအချက်အချာကျသော စာချုပ်ဖြစ်သည်။ ဤစာချုပ်သည် အာဆီယံဒေသတွင်း မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသွားစနစ် အကောင်အထည်ဖော်ရန်တွက် ယေဘုယျစံနှုန်းများကို ဖော်ပြထားပါသည်။

၁.၃ CBTP ၏ လက်တွေ့အကောင်အထည်ဖော်ရေး ရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများအကြား ခရီးသည်များရွေ့လျားသွားလာမှုကို တိုးမြှင့်ရန်၊ ခရီးသွားလုပ်ငန်းကိုတိုးမြှင့်ရန်၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးကိုတိုးမြှင့်ရန်တို့ ဖြစ်ပါသည်။

၁.၄ ဤစာတမ်းသည် CBTP အကောင်အထည်ဖော်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် လမ်းညွှန်ချက်များအဖြစ် ရည်ရွယ်သည်။ ဤစာတမ်းသည်တရားဝင်လိုက်နာရန် မဟုတ်ဘဲ နိုင်ငံအဆင့် အသေးစိတ်အကောင်အထည်ဖော်ခြင်းသည် အာဆီယံနိုင်ငံတစ်နိုင်ငံချင်းစီ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်သာဖြစ်သည်။

၁.၅ ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်သည် CBTP အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သောအဆင့်များနှင့် လုပ်ထုံးလုပ်နည်းများအပေါ်တွင် တူညီသော "ဘုံနားလည်မှုရရှိရန်" အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ရှင်းလင်းချက်နှင့် လမ်းညွှန်ချက်များပေးနိုင်ရန် ရည်ရွယ်သည်။

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

၁.၆ လိုအပ်ပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ထိုအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များတွင် ပါဝင်သောအကြောင်းအရာများနှင့်ကိုက်ညီစေရန် ၎င်းတို့၏ပြည်တွင်း ဥပဒေပြဋ္ဌာန်းမှုနှင့် ချိန်ညှိပေးရမည်ဖြစ်သည်။

၁.၇ မည်သည့်အာဆီယံနိုင်ငံမဆို အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအတွင်းရှိ ပါဝင်သည့်အကြောင်းအရာများကို ပြင်ဆင်ဖြည့်စွက်ချက်များထည့်ရန် အာဆီယံသယ်ယူပို့ဆောင်မှုလွယ်ကူစေရေးလုပ်ငန်းအဖွဲ့ (TFWG) မှတဆင့် အဆိုတင်သွင်းနိုင်သည်။ ထိုပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း TFWG မှ သဘောတူညီရမည်ဖြစ်သည်။

၁.၈ ရှင်းလင်းပြတ်သားစေလိုသောရည်ရွယ်ချက်ဖြင့် ယခုအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များသည် CBTP ၏ အဓိကကိစ္စရပ် (၁၁) ခုအပေါ်တွင် အရေးပေးဆောင်ရွက်ထားသည်။ ထိုကိစ္စရပ်များမှာ–

(၁) နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး လမ်းကြောင်းများနှင့် အဝင်/ အထွက်နေရာများ သတ်မှတ်ခြင်း၊

(၂) သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သူများအား လိုင်စင်ထုတ်ပေးခြင်း၊

(၃) အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်ခွင့် မော်တော်ယာဉ်ပါမစ်၊

(၄) ခရီးသည်ပို့ဆောင်ရေး ဆောင်ရွက်ရန်အတွက် ခွင့်ပြုထားသောမော်တော်ယာဉ် အရေအတွက်၊

(၅) နယ်စပ်ဂိတ်များ၌ ကြီးကြပ်ရန် လုပ်ထုံးလုပ်နည်းများ၊

(၆) လိုက်ပါလာသည့်ခရီးသည်များအား အကောက်ခွန်ဆိုင်ရာကြီးကြပ်ခြင်း ၊

(၇) ခရီးသည်များအားလူဝင်မှုကြီးကြပ်ခြင်း၊

(၈) ကျန်းမာရေးစစ်ဆေးခြင်း၊

(၉) ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၏တာဝန်ယူမှု၊

(၁၀) မော်တော်ယာဉ်များအတွက် မဖြစ်မနေထားရမည့် သူတစ်ပါးထိခိုက်မှုအာမခံ၊

(၁၁) မော်တော်ယာဉ်များအတွက် နည်းပညာဆိုင်ရာလိုအပ်ချက်များ။

## ၂။ CBTP အကောင်အထည်ဖော်ခြင်းအတွက်လမ်းညွှန်ချက်များ

၂.၁ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရာတွင် အာဆီယံနိုင်ငံအားလုံး တသမတ်တည်းဖြစ်ခြင်းသည် မော်တော်ယာဉ်ဖြင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူစေရေးအတွက် အရေးပါသောကိစ္စရပ်ဖြစ်ပါသည်။ သီးခြားခွဲထွက်နေသော ဥပဒေ၊

စည်းမျဉ်းစည်းကမ်းများကိုသုံး၍ အကောင်အထည်ဖော်ခြင်းသည် နယ်စပ်ဖြတ်ကျော်ခရီးသည်များသွားလာမှု လွယ်ကူချောမွေ့စေရေးအပေါ် အပျက်သဘောသက်ရောက်မှုရှိသည့် ရှုပ်ထွေးသောပတ်ဝန်းကျင်တစ်ရပ်ကို ဖြစ်ပေါ်စေနိုင်သည်။ တသမတ်တည်းဖြစ်စေရန်အလို့ငှာ UNESCAP ၏ ဆုံးဖြတ်ချက် ၄၈/၁၁ တွင်ဖော်ပြထားသော သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး လက်မှတ်ရေးထိုးအတည်ပြုရန် အကြံပြုပါသည်။

၂.၂ UNESCAP ၏ဆုံးဖြတ်ချက်အရ ဒေသတွင်းရှိနိုင်ငံများအနေဖြင့် အောက်ဖော်ပြပါလိုက်နာရမည့် စာချုပ်များကိုလက်မှတ်ရေးထိုးနိုင်ရေး ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်-

(က) ၁၉၆၈ ယာဉ်သွားလာမှုဆိုင်ရာ သဘောတူစာချုပ်၊
Convention on Road Traffic of 1968

(ခ) ၁၉၆၈ လမ်းညွှန်းနှင့်အချက်ပြဆိုင်ရာ သဘောတူစာချုပ်၊
Convention on Road Signs and Signals of 1968

(ဂ) ၁၉၇၅ TIR ကွန်ဗင်းရှင်းအောက်ရှိ နိုင်ငံတကာကုန်ပစ္စည်း ပို့ဆောင်ခြင်း၊
International Transport of Goods under Cover of TIR Carnets (TIR Convention) of 1975

(ဃ) ၁၉၅၆ စီးပွားရေးသုံး မော်တော်ယာဉ်များ၏ ယာယီတင်သွင်းခွင့်များအပေါ် ကောက်ခံသည့် အကောက်ခွန်ဆိုင်ရာ သဘောတူစာချုပ်၊
Customs Convention on the Tempory Importation of Commercial Road Vehicles of 1956

(င) ၁၉၇၂ ကုန်သေတ္တာများအပေါ် ကောက်ခံသည့် အကောက်ခွန်ဆိုင်ရာ သဘောတူစာချုပ်၊
Customs Convention on Containers of 1972

(စ) ၁၉၈၂ နယ်စပ်ကုန်စည်များ ကြီးကြပ်ခြင်းတွင် တစ်ညီတစ်ညွတ်ထဲဖြစ်စေရေး နိုင်ငံတကာသဘောတူစာချုပ်၊
International Convention on the Harmonization of Frontier Control of Goods of 1982

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

(ဆ) ၁၉၅၆ နိုင်ငံတကာကုန်းလမ်းဖြင့် ကုန်ပစ္စည်းသယ်ဆောင်ခြင်း သဘောတူစာချုပ်။

Convention on the Contract for the International Carriage of Goods by Road (CMR) of 1956

၂.၃ ရှင်းလင်းလွယ်ကူခြင်းသည် လွယ်ကူချောမွေ့စေရေးအတွက် အဓိကသော့ချက်ဖြစ်သည်။ လွယ်ကူရှင်းလင်းမှုရရှိနိုင်စေရန် မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေးအတွက် လိုအပ်ချက်များနှင့်အုပ်ချုပ်မှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လျှော့ချရန်လိုအပ်ပါသည်။

၂.၄ မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်များ ပို့ဆောင်ခြင်းနှင့်ပတ်သက်ဆက်နွယ်သောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပွင့်လင်းမြင်သာမှုရရှိစေရန်အလို့ငှာ လိုအပ်သော သတင်းအချက်အလက်အားလုံးပါဝင်သည့် အာဆီယံသယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး Portal တစ်ခုဖွံ့ဖြိုးပေါ်ပေါက်လာစေရန်က အရေးကြီးပါသည်။ စာရွက်စာတမ်းနှင့်ပုံစံများကို ထိုအဆိုပြုထားသည့် Portal မှတစ်ဆင့် Download ဆွဲရယူနိုင်အောင်စီစဉ်ထားရပါမည်။

၂.၅ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးအတွက် ထိရောက်ကျွမ်းကျင်သော အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုရရှိစေရန် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးအတွက် စံချိန်စံညွှန်းပြည့်မီသည့်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedures (SOPs)/ လုပ်ငန်းစဉ်ညွှန်ကြားချက်များ (Procedural Guides) အပါအဝင်နယ်စပ်ဖြတ်ကျော်ရေးနှင့် ပတ်သက်သည့် အဓိကဆောင်ရွက်ရမည့် အညွှန်းကိန်းများ (Key Performance Indicators) ကို အလွယ်တကူရရှိနိုင်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်ထားရပါမည်။ ထို SOPs များကို Web Portal ပေါ်တွင် ထုတ်ပြန်ကြေငြာရန် လိုအပ်ပါသည်။

## ၃။ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် အဝင်/အထွက် နေရာများ သတ်မှတ်ခြင်း

၃.၁ အာဆီယံဒေသတွင်းခရီးသည် သယ်ယူပို့ဆောင်ရေးအတွက် သတ်မှတ်ထားသော နယ်စပ်ဖြတ်ကျော်လမ်းကြောင်းနှင့် အဝင်/အထွက် နေရာများကို အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင် သဘောတူစာချုပ်၏

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

နောက်ဆက်တွဲ (၁) (Schedule-1) တွင်ဖော်ပြထားသည်။ ထိုသဘောတူစာချုပ်အရ စာချုပ်ဝင်နိုင်ငံတစ်ခုချင်းစီက အခြားစာချုပ်ဝင်နိုင်ငံများ၏ CBTP အရ ဆောင်ရွက်သည့် မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေးကို ခွင့်ပြုရမည်ဖြစ်ပါသည်။

၃.၂ CBTP ပါလမ်းကြောင်းများနှင့် အဝင်/အထွက် နေရာများကို ပုံမှန်ခရီးစဉ်ဖြင့် ပြေးဆွဲမည့် (သို့မဟုတ်) ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲမည့် ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုနှစ်မျိုးလုံး အတွက်ခွင့်ပြုထားပါသည်။ အဆိုပါလမ်းကြောင်း၊ အဝင်/အထွက် နေရာများ၌ မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့်အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရမည်။ အနည်းဆုံးနယ်စပ်ဂိတ်နေရာများ၌ အထောက်အကူပြုပစ္စည်းများ ထားရှိရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းသတ်မှတ်လမ်းကြောင်းများတွင်လည်း မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်များပို့ဆောင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးရမည်ဖြစ်ပါသည်။

၃.၃ အာဆီယံနိုင်ငံများအနေဖြင့် CBTP ပါနယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် အဝင်/အထွက် နေရာများကို ပြန်လည်မွမ်းမံခြင်းနှင့်/ (သို့မဟုတ်) ချဲ့ထွင်ခြင်းကို ဆောင်ရွက်နိုင်သည်။ ယင်းသို့ မွမ်းမံ/ ချဲ့ထွင်ခြင်းများကို အိမ်နီးချင်းအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပြန်အလှန်သဘောတူညီမှုဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြင်ဆင်လိုသည်များကို အာဆီယံအထွေထွေအတွင်းရေးမှူးထံသို့ ကြိုတင်အကြောင်းကြားရမည်ဖြစ်သည်။ ထိုပြင်ဆင်လိုသည်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့လည်း အကြောင်းကြားရမည်ဖြစ်ပါ သည်။

၃.၄ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံအတွင်းရှိ သတ်မှတ်ထားသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို လွတ်လပ်စွာပြုပြင်မွမ်းမံခြင်းနှင့်/(သို့မဟုတ်) ချဲ့ထွင်ခြင်း ပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းကို အာဆီယံတစ်နိုင်ငံချင်းစီအတွက် ခွင့်ပြုထားပြီး ၎င်းတို့နိုင်ငံအတွင်းရှိ ကူးသန်းဖြတ်ကျော်ရန်ရည်ရွယ်ထားသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများအတွက် သက်ဆိုင်ရာဒေသခံအစိုးရက လိုအပ်သောအထောက်အပံ့ပစ္စည်းများပေးနိုင်ရန် စီစဉ်ရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော

သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၏ မည်သို့သောချဲ့ထွင်ခြင်းကိုမဆို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံးသို့ အကြောင်းကြားရမည်ဖြစ်ပါသည်။

၃.၅ မော်တော်ယာဉ်များကို သတ်မှတ်ထားသော နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကိုကျော်လွန်၍ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်မှုရှိသောနေရာများ၊ ရပ်နားရန်နေရာများ၊ အစားအစာစားရန်နေရာ (သို့မဟုတ်) တည်းခိုနေထိုင်ရန်နေရာသို့ အသွား၊ အပြန်သွားရောက်လိုသည့်အခါ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ ထိုခွင့်ပြုချက်သည် ပုံမှန်ခရီးစဉ်မဟုတ်ဘဲ ပြေးဆွဲမည့် ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှု (ဥပမာ–Tourist Bus) အတွက်သာရည်ရွယ်ပါသည်။ အထက်ပါခွင့်ပြုချက် (သို့မဟုတ်) တိုးချဲ့ခြင်း၏အသေးစိတ်အချက်အလက်များကို အာဆီယံအထွေထွေအတွင်းရေးမှူးထံ တင်ပြရမည်ဖြစ်ပါသည်။ ထိုသို့ဖြင့် အာဆီယံအထွေထွေအတွင်းရေးမှူးက တခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများကို အကြောင်းကြားရမည်ဖြစ်ပြီး ထိုခွင့်ပြုချက် (သို့မဟုတ်) တိုးချဲ့ခြင်းသည် အကြောင်းကြားသည့်ရက်စွဲမှ စတင်၍ အသက်ဝင်မည်ဖြစ်သည်။

၃.၆ ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲမည့် ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုများအတွက် လမ်းကြောင်းများ၊ ခရီးသည် အတင်/ အချ ပြုလုပ်သည့်နေရာ အသေးစိတ်ကို မိခင်နိုင်ငံ၊ အိမ်ရှင်နိုင်ငံနှင့် အဖြတ်သန်းခံနိုင်ငံများ၏ “စာဖြင့်” ရေးသားညှိနှိုင်းထားသည့် အပြန်အလှန်သဘောတူချက်အရ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ကနဦးလမ်းကြောင်းများသည် သဘောတူစာချုပ် နောက်ဆက်တွဲ (၁) (Schedule–1) အတိုင်း လိုက်နာရမည်ဖြစ်သည်။ ထိုသဘောတူထားသည့်လမ်းကြောင်းနှင့် ခရီးသည် အတင်/အချ ပြုလုပ်သည့်နေရာများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံးသို့ အကြောင်းကြားရမည်ဖြစ်သည်။

၃.၇ အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံအတွင်းတွင်–

(က) ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲသော ပို့ဆောင်ရေးဝန်ဆောင်မှုအတွက် လူတင်/ လူချ ပြုလုပ်ခြင်းများကို သတ်မှတ်ထားသောခရီးသည် အတင်/အချ ပြုလုပ်ရန်နေရာများတွင်သာ ခွင့်ပြုသည်။ စာချုပ်ဝင်နိုင်ငံများအားလုံးကလည်း ၎င်းတို့၏ သက်ဆိုင်ရာသတ်မှတ်ထားသော ခရီးသည် အတင်/အချ ပြုလုပ်မည့်နေရာများ စာရင်းကိုပေးထားရန်လိုအပ်သည်။ အိမ်ရှင်နိုင်ငံ၏နယ်နမိတ်အတွင်း ခရီးသည်

အတင်/အချ ပြုလုပ်မည့်နေရာအရေအတွက်နှင့် သတ်မှတ်ဆုံးဖြတ်ထားသော လမ်းကြောင်းများ၌ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်သည် သက်ဆိုင်ရာနိုင်ငံ၏ အစီအစဉ်အတိုင်း ဖြစ်ပါသည်။ အိမ်ရှင်နိုင်ငံနယ်နမိတ်အတွင်း သတ်မှတ်ထားသော ခရီးသည် အတင်/ အချ ပြုလုပ်သည့်နေရာများမှအပ အခြားနေရာများ၌ လူတင်/လူချ ပြုလုပ်ခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။ သတ်မှတ်ထားသောခရီးသည် အတင်/ အချ ပြုလုပ်သည့် နေရာများတွင် ခရီးသည်များ "ဆင်းခြင်း" နှင့် ခရီးသည်အသစ်များ "တက်ခြင်း" တို့ အတွက် နာမည်နှင့်အရေအတွက်တို့ကို ဖော်ပြရန်လိုအပ်ပါသည်။

(ခ) ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအတွက် ဤ အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များရှိ လုပ်ထုံးလုပ်နည်းများမှတဆင့် အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံတို့၏ သဘောတူညီမှုအရ ဆောင်ရွက်သောကိစ္စရပ်မှလွဲ၍ ထိုနိုင်ငံများအတွင်း လူတင်/လူချ ပြုလုပ်ခွင့် မရှိပါ။ မိခင်နိုင်ငံမှ ပါရှိလာသည့် ခရီးသည်စာရင်းကို အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံအတွင်း တရားမဝင် လူတင်/လူချ မပြုလုပ်စေရန် စစ်ဆေးရာ၌ အသုံးပြုမည်ဖြစ်ပါသည်။ ယာဉ်၏ခရီးစဉ်မှတ်တမ်းသည် အဆိုပါယာဉ်အနေဖြင့် အိမ်ရှင်နိုင်ငံနှင့် အဖြတ်သန်းခံနိုင်ငံများ၏ မြေပေါ်တွင်သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာသွားခဲ့ကြောင်း စစ်ဆေးရာ၌ အသုံးပြုမည်ဖြစ်သည်။ CBTP တွင်ပါဝင်သော စည်းမျဉ်းစည်းကမ်းများအား ချိုးဖောက်ပါကအိမ်ရှင်နိုင်ငံ/ အဖြတ်သန်းခံနိုင်ငံသည် ဥပဒေချိုးဖောက်သည့် မော်တော်ယာဉ်များဝင်ရောက်ခြင်းကို ငြင်းဆိုပိုင်ခွင့်ရှိပြီး မိခင်နိုင်ငံသို့လည်းသတင်းပို့တိုင်ကြားနိုင်ပါသည်။ တိုင်ကြားခံရသည့် မော်တော်ယာဉ်၏ နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ခွင့် မော်တော်ယာဉ်ပါမစ်ကို ပိတ်သိမ်းခြင်း/ မပိတ်သိမ်းခြင်းသည် မိခင်နိုင်ငံ၏ဆုံးဖြတ်ချက်သာဖြစ်သည်။ ပုံမှန်ခရီးစဉ်မဟုတ်ဘဲ ပြေးဆွဲသော သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများအတွက် ခရီးသွားလာခွင့်သည် အပြန်အလှန်ဖြစ်ရန်မလိုအပ်ဘဲ အိမ်ရှင်နိုင်ငံ၊ အဖြတ်သန်းခံနိုင်ငံများနှင့် မိခင်နိုင်ငံတို့အကြား သဘောတူညီချက်အတိုင်း ဆောင်ရွက်နိုင်သည်။

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

၃.၈ ခရီးသည်နှင့်မော်တော်ယာဉ်များသည် အိမ်ရှင်နိုင်ငံနှင့်အဖြတ်သန်းခံနိုင်ငံတို့၏ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီမှုရှိလျှင် မော်တော်ယာဉ်ဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေး ခရီးစဉ်တစ်ခုအတွက် "ကြာချိန်" ကို ရှင်းရှင်းလင်းလင်း ဖော်ပြပေးနိုင်သည့် "ပုံမှန်လည်ပတ်မှုလုပ်ထုံးလုပ်နည်းများ (SOP)" ကို သတ်မှတ်နိုင်ရေးဆောင်ရွက်ရမည်။

၃.၉ ပေးအပ်မည့်အခွင့်အရေးများတွင် ပါဝင်ရမည့်လုပ်ငန်းစဉ် နမူနာပုံစံကို တစ်ဖက်တွင်ဖော်ပြထားပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ခရီးစဉ်တစ်ခုချင်းစီအလိုက် (သို့မဟုတ်) ခရီးစဉ်အားလုံးအတွက် ခြုံငုံအသုံးပြုနိုင်သည့် နည်းလမ်းအဖြစ်ဆုံးဖြတ်နိုင်သည်။

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

## အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အတွက်ပေးအပ်မည့်အခွင့်အရေး များနမူနာပုံစံ

**အဝင်ခရီးစဉ်**

Pick up – ok

Home

| | |
|---|---|
| B နှင့် C မှ သဘောမတူလျှင် ခရီးသည်ချ၍မရပါ၊ | C မှ သဘောတူလျှင် ခရီးသည် ချခွင့်ရှိသည်၊ |
| ရပ်နားနိုင်သည် (ခရီးသည်မပြောင်းလဲရပါ)၊ | ရပ်နားနိုင်သည် (ခရီးသည်မပြောင်းလဲရပါ)၊ |
| B နှင့် C မှ သဘောမတူလျှင် ခရီးသည်အသစ်တင်ခွင့်မရပါ၊ | A, B နှင့် C မှ သဘောတူလျှင် ခရီးသည်အသစ်တင်ခွင့်ရသည်၊ |




**အပြန်ခရီးစဉ်**

Drop-off OK

Home

| | |
|---|---|
| B နှင့် A မှ သဘောတူလျှင် "အသွား" ခရီးစဉ်အတိုင်း ခရီးသည်မပြောင်းလဲပါ၊ | |
| ရပ်နားနိုင်သည် (ခရီးသည်မပြောင်းလဲရပါ)၊ | ခရီးသည်တင်နိုင်သည် (ခရီးသည် မပြောင်းလဲရပါ)၊ |
| B နှင့် A မှ သဘောတူလျှင် ခရီးသည်အသစ်တင်ခွင့်ရသည်၊ | C, B နှင့် A မှ သဘောတူလျှင် ခရီးသည်အသစ်တင်ခွင့်ရသည်၊ |




၃.၁၀ အဖြတ်သန်းခံနိုင်ငံအတွင်း ခရီးသည်အတင်/အချ ပြုလုပ်ခြင်းတွင် ပုံမှန်ခရီးစဉ်ဖြင့် ပြေးဆွဲသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအတွက် အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံတို့မှ အာဏာပိုင်အဖွဲ့အစည်း၏ သဘောတူညီသောကိစ္စရပ်မှလွဲ၍ အခြားစာချုပ်ဝင်နိုင်ငံများ၏နယ်နိမိတ်တစ်လျှောက် ဖြတ်သန်းသွားသည့် ခရီးသည်ပို့ဆောင်ရေး

ယာဉ်သည် ခရီးသည် အတင်/အချ ပြုလုပ်ရမည့်နေရာများတွင်သာ ခရီးသည် အတင် /အချ ပြုလုပ်ခွင့်ရမည် ဖြစ်ပါသည်။

၃.၁၁ ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအတွက် အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံတို့၏ အာဏာပိုင်အဖွဲ့အစည်းမှ ခရီးသည်များဆင်းသက်ရန် ကြိုတင်၍သဘောတူညီထားသောကိစ္စရပ်မှလွဲ၍ တခြားစာချုပ်ဝင်နိုင်ငံများ၏ နယ်နမိတ်တစ်လျှောက်ဖြတ်သန်းသွားသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်သည် အဖြတ်သန်းခံနိုင်ငံအတွင်းရှိ မည်သည့်နေရာတွင်မဆိုခရီးသည်များ အတင်/အချ မပြုလုပ်ရန်တားမြစ်ထားပါသည်။ သို့သော်လည်း အိမ်ရှင်နိုင်ငံသို့ ဆက်လက်သွားမည့် မော်တော်ယာဉ်၏ခရီးအစီအစဉ်အတိုင်း အဖြတ်သန်းခံနိုင်ငံအတွင်း ခရီးသည်များ ခရီးတစ်ထောက်နားခြင်းကို ခွင့်ပြုပေးထားပါသည်။

၃.၁၂ ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များ အိမ်ရှင်နိုင်ငံနှင့် အဖြတ်သန်းခံနိုင်ငံများတွင် ခရီးသည် အတင်/အချ ပြုလုပ်ရန် ပေးအပ်ရမည့်အခွင့်အရေးများကို အတည်ပြုရမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ မူဘောင်သဘောတူစာချုပ်၏ စည်းမျဉ်း ၆ (၂) ပါ အပြန်အလှန်သဘောတူသတ်မှတ်ထားသော နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများသတ်မှတ်ခြင်းကို အထောက်အကူပြုပစ္စည်းများ အဆင့်မြှင့်တင်ခြင်းနှင့် အတူ စာချုပ်ဝင်နိုင်ငံများအကြားသဘောတူညီမှုရယူရန် အကြံပြုဖော်ပြပါသည်။

၃.၁၃ ခရီးသည်ပို့ဆောင်ရေးယာဉ်များ အိမ်ရှင်နိုင်ငံနှင့်အဖြတ်သန်းခံနိုင်ငံများတွင် ခရီးသည်များသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ခရီးသည် အတင်/အချ ပြုလုပ်ရန်ပေးအပ်ရမည့်အခွင့်အရေးများကို အတည်ပြုရမည့်အစီအစဉ်များကို စာချုပ်ဝင်နိုင်ငံများအကြား “စာဖြင့်” တရားဝင်အသိပေးအကြောင်းကြားထားရမည်။ စာပုံစံကို အကောင်အထည်ဖော်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ၏ **နောက်ဆက်တွဲ (စ)** တွင် ဖော်ပြထားပါသည်။ ထိုအကြောင်းကြားစာနှင့် အသိအမှတ်ပြုစာများကိုလည်း အာဆီယံအတွင်းရေးမှူးရုံးသို့ မိတ္တူပေးရမည်ဖြစ်ပါသည်။

၃.၁၄ ခရီးစဉ်တစ်ခုခြင်းအတွက်ဖြစ်စေ၊ အကောင်အထည်ဖော်သည့်အဖွဲ့ဝင်နိုင်ငံများ (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများခြုံငုံပါဝင်ခြင်းဖြစ်စေ လျှောက်ထားခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့အတွက် ပြုလုပ်ရမည့်လုပ်ငန်းစဉ်များသည် ဤစာချုပ်ပါ အဆိုပြုထားသော “စံ” လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်သင့်ပါသည်။ သယ်ယူပို့ဆောင်ရေး

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

လုပ်ငန်းလုပ်ကိုင်သူသည် မိခင်နိုင်ငံမှအာဏာပိုင်အဖွဲ့အစည်း၏ တရားဝင်ခွင့်ပြုချက် မပါဘဲ နယ်စပ်ဖြတ်ကျော်ခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ထိုကဲ့သို့ခွင့်ပြုနိုင်မှုသည် အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံရှိ အာဏာပိုင် အဖွဲ့အစည်း၏ အတည်ပြုချက်အပေါ်တွင် မူတည်ပါသည်။ ခွင့်ပြုချက်ပေးနိုင်ရန် ကြာချိန်အနည်းဆုံး တစ်လ ရှိနိုင်မည်ဖြစ်ပါသည်။

**လျှောက်ထားရန်နှင့် အတည်ပြုချက်ရယူရန်အတွက် အဆိုပြုထားသော “စံ” လုပ်ထုံး လုပ်နည်းများ**

| လုပ်ငန်းစဉ် | စာရွက်စာတမ်း | ကြာချိန် |
|---|---|---|
| သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူသည် အဆိုပြုထားသည့် မော်တော်ယာဉ်(များ)၏ခရီးစဉ်၊ ခရီးသည်တင်ခြင်း၊ ခရီးသည်ချခြင်းနှင့် ရပ်နားခြင်းတို့ အသေးစိတ်ပါဝင်သည့် လျှောက်လွှာအား မိခင်နိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းထံ တင်သွင်းရမည်။ | ပြည်တွင်း၌သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ | တစ်ပတ် |
| မိခင်နိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းသည် ထိုတောင်းဆိုချက်အား အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းများထံ ဆက်လက်ပေးပို့ရမည်။ | <u>**နောက်ဆက်တွဲ (စ)**</u> ပေးအပ်ရမည့် အခွင့်အရေးများ တောင်းခံခြင်း | တစ်ပတ် |
| မိခင်နိုင်ငံ၊ အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းသည် အကြောင်းကြားစာများ အပြန်အလှန်လွှဲပြောင်းခြင်းကို အသိအမှတ်ပြုဆောင်ရွက်ရမည်။ | <u>**နောက်ဆက်တွဲ (စ)**</u> ပေးအပ်ရမည့် အခွင့်အရေးများကို တောင်းခံခြင်းအတွက် အသိအမှတ်ပြုဆောင်ရွက်ခြင်း | တစ်ပတ် |
| မိခင်နိုင်ငံမှ အာဏာပိုင်အဖွဲ့အစည်းသည် အတည်ပြုထားသော ခရီးအစီအစဉ်အတိုင်း နယ်စပ်ဖြတ်ကျော်ခရီးသည် သယ်ယူပို့ဆောင်မှုပေးနိုင်ရန် သယ်ယူပို့ဆောင်ရေး | ပြည်တွင်းတရားဝင်ခွင့်ပြုပုံစံ | တစ်ပတ် |

| လုပ်ငန်းစဉ် | စာရွက်စာတမ်း | ကြာချိန် |
|---|---|---|
| လုပ်ငန်းဆောင်ရွက်သူအား တရားဝင်ခွင့်ပြုချက်ပေးမည်ဖြစ်သည်။ | | |

၃.၁၅ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မိခင်နိုင်ငံ၊ အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံများ၏ အာဏာပိုင်အဖွဲ့အစည်းများက ပြဋ္ဌာန်းထားသည့်အခြေအနေနှင့်ကန့်သတ်ချက်များကို လိုက်နာရမည်ဖြစ်ပါသည်။ တစ်စိတ်တစ်ဒေသခွင့်ပြုခြင်း (သို့မဟုတ်) အခြားသောအခြေအနေများကို အာဏာပိုင်အဖွဲ့အစည်းတစ်ခုချင်းစီက ဆုံးဖြတ်နိုင်ပါသည်။

## ၄။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအား လိုင်စင်ထုတ်ပေးခြင်း

၄.၁ ဤအပိုင်းသည် CBTP သဘောတူစာချုပ်အရ ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုများကိုဆောင်ရွက်ရန်အခွင့်ရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအား လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို လမ်းညွှန်ပေးနိုင်ရန်ဖြစ်သည်။

၄.၂ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များတွင် တရားဝင်ဖော်ပြထားသောအချက်များအတိုင်း ဆောင်ရွက်ရမည်။

၄.၃ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများကို နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၎င်းတို့၏မိခင်နိုင်ငံကသာ လိုင်စင်ထုတ်ပေးရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် အနည်းဆုံး ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ၏ စာပိုဒ် ၄.၉ (ယုံကြည် အားထားရမှု)၊ ၄.၁၀ (လုပ်ငန်းခွင် ကျွမ်းကျင်မှု) ၊ ၄.၁၁ (ကြွေးမြီကင်းရှင်းမှု) စသည့်အခြေအနေများနှင့်ကိုက်ညီရမည်ဖြစ်သည်။

၄.၄ ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အခြေအနေများသည် ပုံမှန်ခရီးစဉ်ဖြင့် ပြေးဆွဲသောသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် နှိုင်းယှဉ်သည့်အခါတွင် သက်ဆိုင်ရာနိုင်ငံကဆုံးဖြတ်သည့်ကိစ္စဖြစ်သောကြောင့် အဆင်မပြေဖြစ်မှုမျိုးမဖြစ်စေသင့်ပါ။ အထူးသဖြင့် ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော သယ်ယူပို့

ဆောင်ရေးဝန်ဆောင်မှုဖြစ်၍ သတ်မှတ်အရည်အချင်းများ လျှော့ချပေးခြင်းမျိုးမဖြစ်စေရပါ။

၄.၅ ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများတွင် အသုံးပြုသော ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များကို ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲသော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများအတွက်ပါ အသုံးပြုနိုင်စေရမည်။ သို့ရာတွင် ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲသောခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များကိုမူ ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော ဝန်ဆောင်မှုများအတွက် အသုံးမပြုစေသင့်ပါ။

၄.၆ CBTP သဘောတူစာချုပ်၏ စည်းမျဉ်း-၉ ပါဖော်ပြချက်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ အာဏာပိုင်အဖွဲ့အစည်းများသည် လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအသုံးပြုမည့် မော်တော်ယာဉ်များကို နယ်စပ်ဖြတ်ကျော်ခရီးသည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်ပါမစ် ခွဲဝေထုတ်ပေးရမည်။ သင့်လျော်သော ပါမစ်ပုံစံကို ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၏ အောက်တွင် ဖော်ပြထားပါသည်။

၄.၇ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် မဟုတ်ဘဲ အဖွဲ့အစည်း/ကုမ္ပဏီတစ်ရပ်ဖြစ်ပါက (သို့မဟုတ်) ကုမ္ပဏီပိုင်ရှင်သည် လုပ်ငန်းအတွက် လိုက်နာရမည့်သတ်မှတ်ချက်များကို လိုက်နာနိုင်သည့်အခြေအနေမရှိပါက အဆိုပါ ကုမ္ပဏီ၏စီမံခန့်ခွဲရေးဆိုင်ရာတာဝန်ခံသည် လုပ်ငန်းအတွက် စိတ်ချယုံကြည်နိုင်မှုနှင့်လုပ်ငန်းပိုင်းကျွမ်းကျင်မှုဆိုင်ရာကိစ္စများအတွက် တာဝန်ယူရမည်။

၄.၈ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် လိုအပ်ချက်များနှင့်ကိုက်ညီမှုမရှိတော့ပါက ထိုသူ၏လိုင်စင်အား ရုပ်သိမ်းပယ်ဖျက်မည်ဖြစ်သည်။

၄.၉ **ယုံကြည်အားထားနိုင်မှု** ဆိုရာတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည်-

(က) မိခင်နိုင်ငံ၏သက်ဆိုင်ရာဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုမရှိခြင်း၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနယ်ပယ်နှင့် သက်ဆိုင်သောဥပဒေ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ကုန်းလမ်းပို့ဆောင်ရေး အသက်မွေးဝမ်းကြောင်းမှလုပ်ပိုင်ခွင့် ရုပ်သိမ်းခံရမှုမရှိဖူးခြင်း၊

It is only “Convenience Translation” .The original English Text remains the formal and legal version.

(ဂ) သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ ဥပဒေစည်းမျဉ်းစည်းကမ်းများအရ တာဝန်ရှိမှု၊ ကျွမ်းကျင်မှု၊ အကျိုးခံစားခွင့် (သို့မဟုတ်) ကြွေးမြီကင်းရှင်းခြင်း စသည့်အချက်များနှင့်စပ်လျဉ်း၍ ဂုဏ်သိက္ခာထိပါးရသည့်အခြေအနေဖြစ်လောက်အောင် ဒေဝါလီခံမှုမရှိဖူးခြင်း။

၄.၁၀ **လုပ်ငန်းကျွမ်းကျင်မှု** ဆိုရာတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် တိကျသော စီးပွားရေးစီမံခန့်ခွဲမှုရှိခြင်း၊ အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုပေးနိုင်ခြင်း၊ မျှတသည့် ယှဉ်ပြိုင်နိုင်စွမ်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ ဘေးအန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်မှုစသည့် အရည်အချင်းများရှိရမည်။ အောက်ဖော်ပြပါနယ်ပယ်များတွင် ကျွမ်းကျင်ရပါမည် –

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့်ဥပဒေကိစ္စရပ်များ (ဥပမာ– စာချုပ်စာတမ်းများ၊ သယ်ယူပို့ဆောင်သူ၏တာဝန်ခံမှု၊ ကုမ္ပဏီဥပဒေ၊ ငွေစာရင်းဥပဒေ၊ အလုပ်သမားဥပဒေ၊ အခွန်ဥပဒေ)၊

(ခ) ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းစီမံခန့်ခွဲမှု (ဥပမာ– ကုန်ကျစရိတ်နှင့် ဈေးနှုန်းတွက်ချက်မှု၊ ငွေပေးချေစနစ်နှင့် ငွေကြေးဆိုင်ရာနည်းလမ်းများ၊ ဈေးနှုန်းသတ်မှတ်ခြင်း၊ အာမခံ၊ ပို့ဆောင်ရေးတွင်အပြန်လှန်ညှိနှိုင်းနားလည်မှု၊ စီမံခန့်ခွဲခြင်းနည်းပညာများနှင့်ဈေးကွက်အခြေအနေ)၊

(ဂ) ဈေးကွက်အတွင်းဝင်ရောက်နိုင်ရန် အခြေအနေနှင့်လိုအပ်ချက်များ (ဥပမာ– အသက်မွေးဝမ်းကျောင်းမှုအနေနှင့် စတင်လုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာစာရွက်စာတမ်းများ၊ မျှတသည့်ယှဉ်ပြိုင်နိုင်စွမ်း၊ မလိုအပ်သည့်ဈေးချခြင်းမျိုးမရှိခြင်း)၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်နွယ်သည့် နည်းပညာကိစ္စရပ်များ (ဥပမာ – မော်တော်ယာဉ်အရွယ်အစားနှင့် အလေးချိန်၊ မော်တော်ယာဉ်ရွေးချယ်မှု၊ မော်တော်ယာဉ်ထိန်းသိမ်းမှု၊ ကုန်တင်ခြင်းနှင့်ကုန်ချခြင်း၊ ပုပ်သိုးလွယ်သောပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများသယ်ဆောင်ခြင်း၊ လမ်းစည်းကမ်းတွင်အကျုံးဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းများကိုလိုက်နာခြင်း)၊

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

(င) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု (ဥပမာ – လမ်းစည်းကမ်းများ၊ မော်တော်ယာဉ်မတော်တဆမှုများကို ကာကွယ်ခြင်းနှင့်လျှော့နည်းစေခြင်း) ။

## ၄.၁၁ ကြွေးမြီကင်းရှင်းခြင်း

(က) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းစီမံခန့်ခွဲနိုင်ရန်နှင့် ကောင်းမွန်စွာလုပ်ငန်းလည်ပတ်နိုင်ရန် အာမခံပေးနိုင်သည့် လုံလောက်သော ကိုယ်ပိုင်ငွေကြေးပမာဏရှိရမည်။

(ခ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ကြွေးမြီကင်းရှင်းမှုကို အကဲဖြတ်ရန်အတွက် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားရပါမည် –

(၁) လုပ်ငန်းလုပ်ကိုင်သူ၏ ဝင်ငွေ/ ထွက်ငွေရှင်းတမ်း၊

(၂) ပိုင်ဆိုင်မှု၊

(၃) ဘဏ်စာရင်းရှင်းတမ်း၊

(၄) ချေးငွေရရှိနိုင်စွမ်း၊

(၅) ရယူထားသော ဘဏ်အာမခံများ၊

(၆) အာမခံထားရှိနိုင်မှု။

(ဂ) လုပ်ငန်းဆောင်ရွက်သူသည် ၎င်း၏စာချုပ်ချုပ်ဆိုပြီး တာဝန်ခံထားသည့် လျော်ကြေးပေးရမှုများကို “ကာမိ” စေသည့်အာမခံထားရှိရမည်။

၄.၁၂ ပြည်တွင်းလိုအပ်ချက်ပေါ်မူတည်၍ NTTCC သည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအား လိုင်စင်ထုတ်ပေးရန် အထက်ပါသတ်မှတ်ချက်များအပြင် အောက်ပါအချက်များကိုပါထည့်သွင်းစဉ်းစားရပါမည်–

(က) **လုပ်ငန်းထိရောက်မှု**

(၁) အဆင့်အမြင့်ဆုံး ခရီးသည်ပို့ဆောင်ရေးယာဉ်များကို အသုံးပြုနိုင်ခြင်း၊

(၂) လုပ်ငန်းရှင်မှ APVP ခွင့်ပြုမိန့်ရရှိရန် တောင်းခံထားသည့် မော်တော်ယာဉ်အရေအတွက်၊

(၃) နည်းပညာဆိုင်ရာလိုအပ်ချက်များကို ဖြေရှင်းနိုင်မှုစွမ်းရည်။

It is only “Convenience Translation” .The original English Text remains the formal and legal version.

(ခ) **လုံခြုံရေးအတွက် စိတ်ချရမှု**

(၁) လုံခြုံမှုဆိုင်ရာလိုအပ်ချက်များကို လိုက်နာသည့် အထောက်အထား၊

(၂) မြင့်သာသည့် ထောက်ပံ့ရေးကွင်းဆက်စနစ်များကို အသုံးပြုမှု။

(ဂ) **သယ်ယူပို့ဆောင်ရာ၌ အဆင်ချောမွေ့အောင်ဆောင်ရွက်နိုင်မှု**

(၁) အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ ဇီဝလုံခြုံရေး၊ စောင့်ကြပ်စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာကြောင်းပြသနိုင်မှု။

(ဃ) **သာတူညီမျှမှု**

(၁) လုပ်ငန်းအရွယ်အစား (SME လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို ပြန်လည်သုံးသပ်ရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များ၊ ပိုင်ရှင်များအတွက် သာတူညီမျှမှုရရှိစေရန်)၊

(၂) လုပ်ငန်းတည်ရှိရာနေရာ (နေရာဒေသဆိုင်ရာ သာတူညီမျှမှုကိုထည့်သွင်းစဉ်းစားခြင်း)။

(င) **ရေရှည်ခိုင်မာမှု**

(၁) ယာဉ်များ၏အရည်အသွေး၊

(၂) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို စီမံခန့်ခွဲရာတွင် ကောင်းမွန်သောစွမ်းဆောင်ရည်။

(စ) **ကျွမ်းကျင်မှုအရည်အသွေး**

(၁) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များတွင် အဖွဲ့ဝင်အဖြစ်ပါဝင်မှု၊

(၂) အတွေ့အကြုံများကို မျှဝေလိုစိတ်ရှိမှု။

၄.၁၃ **အပြန်အလှန်အသိအမှတ်ပြုမှု** –

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခြားအဖွဲ့ဝင်နိုင်ငံများမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ထုတ်ပေးထားသည့်လိုင်စင်ကို အသိအမှတ်ပြုရပါမည်။

၄.၁၄ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် မိခင်နိုင်ငံ၊ အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံများတွင် ဖြစ်ပွားသော ယာဉ်မတော်တဆမှု၊ ထိခိုက်မှု၊ သေဆုံးမှုများနှင့်

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

ပတ်သတ်၍ မိခင်နိုင်ငံ၊ အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံတို့မှချမှတ်ထားသော ခရီးသည်များအတွက် အာမခံမူဝါဒများအတိုင်း ဆောင်ရွက်ပေးရမည်။

## ၅။ အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်ပါမစ်

၅.၁ စည်းမျဥ်း (၉) ပါ လုပ်ထုံးလုပ်နည်းများအရ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးပါမစ်ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်သည့်ဘုံလိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်လာရန်ဖြစ်သည်။ ရည်ရွယ်ချက်မှာ စာချုပ်ဝင်နိုင်ငံများအကြား လိုအပ်ချက်များ တူညီမှုရှိနေမှသာ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မိမိသက်ဆိုင်ရာမိခင်နိုင်ငံအလိုက် ထိုလိုအပ်ချက်များကိုလိုက်နာနိုင်ရမည်ဖြစ်သည်။ သို့မှသာ နယ်စပ်ဖြတ်ကျော်ခရီးသည်သယ်ယူပို့ဆောင်ရေးဈေးကွက်မှာလည်း ကျယ်ပြန့်လာမည်ဖြစ်သည်။

၅.၂ အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်ပါမစ်သည် ပထမနိုင်ငံမှသည် ဒုတိယနိုင်ငံကိုဖြတ်သန်းနိုင်ပြီး တတိယနိုင်ငံရောက်သည်ထိ နယ်စပ်နေရာများ၌ မော်တော်ယာဉ်တစ်စီးမှအခြားတစ်စီးသို့ အဆင့်ဆင့်ကူးပြောင်းသွားလာရမှုမရှိစေဘဲ ခရီးသည်များအတွက် ဝန်ထုပ်ဝန်ပိုးအနည်းဆုံးအားဖြင့် လိုင်စင်ရလုပ်ငန်းလုပ်ကိုင်သူများမှ ပို့ဆောင်ပေးနိုင်ရန် ခွင့်ပြုထားခြင်းဖြစ်ပါသည်။ ထိုပါမစ်သည် လိုင်စင်ရလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် မိခင်နိုင်ငံ၏ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်လျှင် လုပ်ငန်းစတင်နိုင်ပြီဖြစ်ပါသည်။ ထိုသို့ သယ်ယူပို့ဆောင်ရာ၌ အဖြတ်သန်းခံနိုင်ငံ/ အိမ်ရှင်နိုင်ငံ၏နယ်နိမိတ်အတွင်း ၎င်းနိုင်ငံ၏ခရီးသည်များ အတင်/အချ ပြုလုပ်ခွင့်မရှိပါ။ ထို့အတူလက်ရှိတွင် အိမ်ရှင်နိုင်ငံမှခရီးသည်ကိုတင်ဆောင်သွားပြီး အိမ်နီးချင်းနိုင်ငံတွင် ချခြင်းမပြုလုပ်ရန်လည်း တားမြစ်ထားပါသည်။

၅.၃ ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲသော (သို့မဟုတ်) ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်သည့် မော်တော်ယာဉ်တိုင်းကို ဤလမ်းညွှန်ချက်၏ရှင်းလင်းချက်အပိုင်းတွင် ဖော်ပြထားသည့်ပုံစံအတိုင်း အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ခွင့်ပါမစ် ထုတ်ပေးရမည်။

၅.၄ အာဆီယံနိုင်ငံနယ်နိမိတ်များကိုဖြတ်ကျော်မည့် ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲသော (သို့မဟုတ်) ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ဆောင်သည့်မော်တော်ယာဉ်နှင့်အတူ ထိုပါမစ်တစ်ပါတည်းပါရှိရမည်။

၅.၅ ပြည်တွင်းနည်းပညာလိုအပ်ချက်များနှင့်ကိုက်ညီပြီး လိုက်နာနိုင်ကြောင်းအထောက်အထား (သို့မဟုတ်) အလားတူစစ်ဆေးချက်အထောက်အထားများကို ထုတ်ပေးထားသည့် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်ကို အာဆီယံတစ်နိုင်ငံချင်းစီ၏ အာဏာပိုင်အဖွဲ့အစည်းများက ပါမစ်ထုတ်ပေးထားရမည်ဖြစ်သည်။

၅.၆ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများမှ တင်ပြရမည့်လိုအပ်သည့် လျှောက်ထားချက်နှင့်အသေးစိတ်အချက်အလက်များကို နိုင်ငံ၏အာဏာပိုင်အဖွဲ့များက ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဏာပိုင်အဖွဲ့များသည် လုပ်ငန်းစဉ်ဆောင်ရွက်၍အောင်မြင်သူများကို ပါမစ်ထုတ်ပေးမည်ဖြစ်ပြီး လျှောက်ထားရန်လိုအပ်သည့်အချက်များကို သတ်မှတ်ပေးရမည်။ သို့သော်သတ်မှတ်ချက်များသည် အခြားသောစာချုပ်ဝင်နိုင်ငံများ၏ စံချိန်စံညွှန်းများနှင့်လည်း အတတ်နိုင်ဆုံးသဟဇာတဖြစ်နေရမည်ဖြစ်ပါသည်။

၅.၇ နယ်စပ်နှင့်လမ်းကြောင်းတစ်လျှောက်ရှိ အာဏာပိုင်အဖွဲ့များမှစစ်ဆေးနိုင်ရန် အင်္ဂလိပ်ဘာသာစကားဖြင့်ဖော်ပြထားသည့် အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေးယာဉ်ပါမစ်သည် သက်ဆိုင်သည့်ယာဉ်ပေါ်တွင် ပါရှိနေရပါမည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ဖြန့်ဝေထားပြီးဖြစ်သည့် **<u>နောက်ဆက်တွဲ (ဂ)</u>** နှင့် **<u>(ဃ)</u>** တွင်ဖော်ပြထားသည့်အတိုင်း စစ်ဆေးချက်တွင် အဓိကလိုအပ်သောအချက်များ လိုအပ်နေလျှင်သော်လည်းကောင်း၊ ပါမစ်ကိုင်ဆောင်သူ၏စာရွက်စာတမ်းများမှာ မပြည့်စုံလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ ထုတ်ပြန်ထားသည့်စံချိန်စံညွှန်းများ မကိုက်ညီလျှင်သော်လည်းကောင်း ထိုပါမစ်ကို ရုပ်သိမ်းမည်ဖြစ်သည်။ ထို့ကြောင့်လုပ်ငန်းလုပ်ကိုင်သူအနေဖြင့် မိမိနိုင်ငံမှအာဏာပိုင်အဖွဲ့က အခြားနိုင်ငံများ၏အာဏာပိုင်အဖွဲ့များထံ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရန် ၎င်းတို့၏သက်ဆိုင်ရာအချက်အလက်များ၏ နောက်ဆုံးအခြေအနေကို မိခင်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းထံသို့ အသိပေးအကြောင်းကြားရမည်။

၅.၈ ပါမစ်သည် အနည်းဆုံးသက်တမ်း (၁) နှစ်ရရှိမည်ဖြစ်သည်။ ပါမစ်၏သက်တမ်းသည် ထိုပါမစ်ကိုထုတ်ပေးခံရသည့် ခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ရှင် ပြောင်းလဲသွားသည်နှင့် ကုန်ဆုံးသွားမည်ဖြစ်သည်။ ထိုကိစ္စရပ်တွင် သယ်ယူပို့ဆောင်ရေး

It is only “Convenience Translation” .The original English Text remains the formal and legal version.

လုပ်ငန်းလုပ်ကိုင်သူအသစ်သည် ပိုင်ရှင်အသစ်၏အမည်ပေါက်ပါဝင်သော ပါမစ်အသစ်ကို ထပ်မံလျှောက်ထားနိုင်သည်။

၅.၉ အာဏာပိုင်အဖွဲ့တစ်ခုချင်းစီသည် ပါမစ်ထုတ်ပေးခြင်းအတွက် ကောက်ခံရမည့်ငွေကြေးကို ကိုယ်တိုင်ဆုံးဖြတ်သတ်မှတ်နိုင်သည်။ ပါမစ်ထုတ်ပေးခြင်းအတွက် ကောက်ခံခြင်းမပြုဘဲ လုပ်ငန်းစဉ်အတွက်သာ အနည်းဆုံးသတ်မှတ်ကောက်ခံရန် အကြံပြုဖော်ပြလိုပါသည်။ လာရောက်လျှောက်ထားသူသည် အာဆီယံနိုင်ငံများအကြား ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုကို ထောက်ပံ့ပေးနိုင်သည့်နည်းလမ်းများနှင့် ကျွမ်းကျင်မှုရှိသည်ဟုယူဆလျှင် သက်ဆိုင်ရာအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဏာပိုင်အဖွဲ့အစည်းများမှ ပါမစ်ကိုထုတ်ပေးမည်ဖြစ်သည်။

၅.၁၀ ထိုပါမစ်သည် မော်တော်ယာဉ်တစ်စီးအတွက်သာ အကျုံးဝင်မည်ဖြစ်သည်။ ခွင့်ပြုချက်ရရှိထားသောမော်တော်ယာဉ်ကသာ ပါမစ်ကိုအသုံးပြုနိုင်မည်ဖြစ်ပြီး လွှဲပြောင်းအသုံးပြု၍မရပါ။

၅.၁၁ ထိုပါမစ်သည် သက်တမ်းရှိကာလအတွင်း CBTP သဘောတူစာချုပ်၏ **နောက်ဆက်တွဲ(က)** တွင် သတ်မှတ်ထားသော လမ်းကြောင်းများကို အသုံးပြုကာ တရားဝင်ပြေးဆွဲနိုင်ပါသည်။

၅.၁၂ မိခင်နိုင်ငံများသည်လည်း အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ခွင့် မော်တော်ယာဉ်ပါမစ်ထုတ်ပေးခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းတို့ကဲ့သို့သော အသေးစိတ်အချက်အလက်များကို အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အသိပေးအကြောင်းကြားရမည်။ ထိုအသေးစိတ်အကြောင်းအရာများကို ပင်မ Database စနစ်တွင်လည်း ထည့်သွင်းထားရမည်။ ပင်မ Database စနစ်မရှိလျှင် အသိပေးအကြောင်းကြားစာများကို Excel ဖိုင်အတွင်း ထည့်သွင်း၍ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံသို့ Email ဖြင့် အကြောင်းကြားရမည်။ လက်ခံရရှိသည့်အာဏာပိုင်အဖွဲ့သည် လက်ခံရရှိကြောင်း (၇) ရက်အတွင်း အကြောင်းပြန်ကြားရမည်။ အကြောင်းကြားစာများ၊ အသိပေးခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း Excel ဖိုင်တို့အတွက် စံသတ်မှတ်ချက်ပုံစံများကို ဤလမ်းညွှန်ချက်များ၏ **နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)** တို့၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

(က) **<u>နောက်ဆက်တွဲ (က)</u>** - ပါမစ်အသစ်ထုတ်ပေးခြင်းအတွက် အကြောင်းကြား စာပုံစံ၊

(ခ) **<u>နောက်ဆက်တွဲ (ခ)</u>** - ပြန်လည်ရုပ်သိမ်းခြင်း (သို့မဟုတ်) ဆိုင်းငံ့ခြင်း အတွက် အကြောင်းကြားစာပုံစံ၊

(ဂ) **<u>နောက်ဆက်တွဲ (ဂ)</u>** - ပါမစ်အသစ်များထုတ်ပေးခြင်းအတွက် အကြောင်း ကြားခြင်း Excel ဖိုင်ပုံစံ၊

(ဃ) **<u>နောက်ဆက်တွဲ (ဃ)</u>** - သက်တမ်းရှိပါမစ်များအတွက် Excel ဖိုင်ပုံစံ၊

(င) **<u>နောက်ဆက်တွဲ (င)</u>** - ရပ်ဆိုင်း (သို့မဟုတ်) ပိတ်သိမ်းပါမစ်များအတွက် အသိပေးအကြောင်းကြားခြင်း Excel ဖိုင်ပုံစံ၊

(စ) **<u>နောက်ဆက်တွဲ (စ)</u>** - အဖြတ်သန်းခံနိုင်ငံ/ အိမ်ရှင်နိုင်ငံတွင် ပေးအပ်ရ မည့် အခွင့်အရေးများအတွက် တောင်းဆိုခြင်းနှင့် အကြောင်းကြားခြင်းအတွက် ပုံစံ။

၅.၁၃ လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် မည်သည့်အာဆီယံအဖွဲ့ ဝင်နိုင်ငံအတွင်းတွင်မဆို လုပ်ငန်းဆောင်ရွက်နေစဉ် မည်သို့သောယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုများ၊ ပါမစ်နှင့်ပတ်သက်သည့် ပြစ်မှုများမကျူးလွန်ရပါ။

၅.၁၄ လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ၎င်းသွားရောက်၍ လုပ် ငန်းဆောင်ရွက်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော်ခရီးသည် သယ်ယူပို့ဆောင်ရေးနှင့်အကျုံးဝင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အရေးယူမှုများကို လိုက်နာဆောင်ရွက်ရမည်။ ပြည်တွင်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းသည်လည်း ဝန်ဆောင်မှုအတွက် အရေးကြီးသည့်အခြေအနေတစ်ရပ် ဖြစ်ပါသည်။ လိုင်စင်ရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ပြည်တွင်းမှသတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများမှ ကင်းလွတ်ခွင့် မရနိုင်ပါ။ ထိုအချက်ကို အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် စည်းမျဉ်း ၂၁၊ စာပိုဒ် (၂)တွင် ဖော်ပြထားသည်။

၅.၁၅ လိုင်စင်ရသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများမှ ဥပဒေ၊ နည်းဥပဒေများကို ချိုးဖောက်သည့်ကိစ္စရပ်များတွင် မိခင်နိုင်ငံမှအာဏာပိုင်အဖွဲ့အစည်းသည် ချိုးဖောက်သည့်ပြစ်မှုအတိုင်းအတာပေါ် မူတည်၍ အောက်ဖော်ပြပါအဆင့်များအတိုင်း အရေးယူမည်ဖြစ်ပါသည်-

(က) ပါမစ်ကိုရုပ်ဆိုင်းကြောင်း (သို့မဟုတ်) ရုပ်သိမ်းကြောင်း (သို့မဟုတ်) လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူကို နောက်ထပ်ပါမစ်ထုတ်ပေးခြင်းမှ တားမြစ်ကြောင်း အသိပေးအကြောင်းကြားစာ ထုတ်ပြန်ခြင်း၊

(ခ) ထုတ်ပေးထားသောပါမစ်အား ရုပ်ဆိုင်းခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်း၊

(ဂ) လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား နောက်ထပ်ပါမစ်ထုတ်ပေးခြင်းကို သတ်မှတ်ထားသော အချိန်ကာလတစ်ခုအထိ (သို့မဟုတ်) အမြဲတမ်းအတွက် တားမြစ်ခြင်း။

၅.၁၆ လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် အိမ်ရှင်နိုင်ငံ/ အဖြတ်သန်းခံနိုင်ငံများအတွင်း သွားလာနေစဉ် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်း ချိုးဖောက်သည့် ကိစ္စရပ်များတွင် အဖြတ်သန်းခံနိုင်ငံနှင့် အိမ်ရှင်နိုင်ငံရှိအာဏာပိုင်များက မိခင်နိုင်ငံသို့ သယ်ယူပို့ဆောင်ခွင့်ပါမစ်ကိုင်ဆောင်သူက ဥပဒေချိုးဖောက်ကြောင်းနှင့် အရေးယူရန် တောင်းဆိုကြောင်းသတင်းပို့ရမည်ဖြစ်သည်။ မိခင်နိုင်ငံ၏အာဏာပိုင်အဖွဲ့အစည်းက အရေးယူ ဆောင်ရွက်မှုကို အဖွဲ့ဝင်နိုင်ငံများအားလုံးသို့ သတင်းပို့ရမည်ဖြစ်သည်။

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

**အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အလံ**

**အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်ပါမစ်**

**ပါမစ်နံပါတ်–**

ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲမည့် (သို့မဟုတ်) ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲမည့် ပါမစ် –

(အဆိုပါနှစ်ခုအနက် မသက်ဆိုင်သည့်တစ်ခုကိုဖျက်ပါ)

နိုင်ငံအလိုက်ISO ကုတ်၊ လုပ်ငန်းလုပ်ကိုင်သူ၏လိုင်စင်နံပါတ်နှင့် ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲမည့် (သို့မဟုတ်) ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲမည့်ခရီးစဉ်ကိုပြသသောပါမစ်နှင့် နံပါတ်စဉ်

မှတ်ချက်– ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲမည့်ခရီးစဉ်ပါမစ်အတွက် အာဆီယံတစ်နိုင်ငံလျှင်ပါမစ် (၅၀၀) သာ၊

ပါမစ်ကာလ – ( ) မှ ( ) ထိ

ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူနံပါတ်–

ကုမ္ပဏီအမည်–

ကုမ္ပဏီမှတ်ပုံတင်အမှတ်–

မှတ်ပုံတင်ထားသည့်နေရပ်လိပ်စာ–

ဆက်သွယ်ရန်ဖုန်းနံပါတ်/Email/Fax/Website–

မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားပါနံပါတ်နှင့်ရက်စွဲ–

ယာဉ်စစ်ဆေးချက်နံပါတ်နှင့်ရက်စွဲ–

မော်တော်ယာဉ်အမျိုးအစား–

မော်တော်ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီ–

ဘောင်နံပါတ်– အင်ဂျင်နံပါတ်–

ထုတ်လုပ်သည့်ခုနှစ်– စလင်ဒါ ထုထည်–

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

လိုင်စင်သက်တမ်း- ကုန်မပါ မော်တော်ယာဉ်အလေးချိန်-

အများဆုံးတင်နိုင်သည့်ကုန်အလေးချိန်-

အရောင်- အလျား- အနံ-

အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည် ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် အရ အာဆီယံနိုင်ငံအတွင်းခရီးသည်ပို့ဆောင်ရေး ဆောင်ရွက်ရန် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ (မလိုအပ်သည့်နိုင်ငံဖျက်ပါ) မှ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အထက်ပါနယ်စပ်ဖြတ်ကျော်ခရီးသည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်ပါမစ်ကိုအတည်ပြု သတ်မှတ်လိုက်သည်။

ထုတ်ပြန်သည့် နေရာနှင့် ရက်စွဲ-

ထုတ်ပြန်သည့်အဖွဲ့အစည်း၏ စစ်မှန်ကြောင်းအတည်ပြုချက် (တံဆိပ်တုံး၊ လက်မှတ်)

**၆။ ခရီးသည်ပို့ဆောင်ရေးဆောင်ရွက်မှုများအတွက် ခွင့်ပြုထားသည့်မော်တော်ယာဉ်အရေအတွက်**

၆.၁ CBTP သဘောတူစာချုပ်၏ စည်းမျဉ်း (၈) တွင် ဖော်ပြထားသည့်အတိုင်း ပုံမှန်ခရီးစဉ် မဟုတ်ဘဲပြေးဆွဲသောပို့ဆောင်ရေးတွင် အသုံးပြုရန်ခွင့်ပြုထားသော ခရီးသည်တင် မော်တော်ယာဉ်အရေအတွက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလျှင် (၅၀၀) ထက် မကျော်လွန်ရပါ။

၆.၂ ထိုသတ်မှတ်ချက်အား အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အခါအားလျော်စွာ ဆွေးနွေး နိုင်ပါသည်။

၆.၃ CBTP သဘောတူစာချုပ်ပါစည်းမျဉ်း (၈) အရ ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲသော ခရီးသည် ပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သော မော်တော်ယာဉ်အရေအတွက်သည် သက်ဆိုင် ရာနိုင်ငံများအကြား အပြန်အလှန်သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။

၆.၄ ပုံမှန်ခရီးစဉ်မဟုတ်ဘဲပြေးဆွဲသော ခရီးသည်ပို့ဆောင်ရေးအတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံချင်းစီမှ ခွင့်ပြုထားသည့်မော်တော်ယာဉ်အရေအတွက် ပြောင်းလဲမှုများ ကို အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခွင့်ပြုချက်အပေါ်မူတည်၍ လုပ်ဆောင် နိုင်မည် ဖြစ်သည်။

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

၆.၅ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီကလည်း ပုံမှန်ခရီးစဉ်ဖြင့်ပြေးဆွဲသော ခရီးသည်ပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သည့် မော်တော်ယာဉ်အရေအတွက်ကို သက်ဆိုင်ရာနိုင်ငံများအကြား "စာဖြင့်" အပြန်အလှန်သဘောတူညီပြီးနောက် အာဆီယံအတွင်းရေးမှူးရုံးသို့ အကြောင်းကြားရမည်။

## ၇။ နယ်စပ်ဂိတ်များ၌ကြီးကြပ်ရန် လုပ်ထုံးလုပ်နည်းများ

၇.၁ အာဆီယံနယ်စပ်ဂိတ်အသီးသီး၌ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်ထားသည့်အရာရှိများသည် အောက်တွင်ဖော်ပြထားသည့် စာပိုဒ် ၇.၂ နှင့် ၇.၃ ပါ စာရင်းပြုစုထားသည့် စစ်ဆေးရမည့်အချက်များကို လုပ်ဆောင်ရမည်ဖြစ်သည်။

၇.၂ မော်တော်ယာဉ်များသည် အောက်ဖော်ပြပါစာရွက်စာတမ်းများကို သယ်ဆောင်ရမည်ဖြစ်ပြီး နယ်စပ်ဂိတ်များရှိစစ်ဆေးရေးအရာရှိများမှ ထိုအထောက်အထားများပါရှိမှုကို စစ်ဆေးရမည် ဖြစ်သည် –

(က) အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည် ပို့ဆောင်ရေးမော်တော်ယာဉ်ပါမစ်နှင့် Sticker ၊

( ခ ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူလိုင်စင်၊

( ဂ ) မော်တော်ယာဉ်မှတ်ပုံတင်လက်မှတ်၊

(ဃ) မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊

( င ) သူတစ်ပါးထိခိုက်မှုအာမခံ၊

( စ ) ခရီးသည်စာရင်း၊

(ဆ) ခရီးစဉ်အသေးစိတ်။

၇.၃ ထို့အပြင်ခရီးသည်များ၏ လက်မှတ်နှင့် ခရီးဆောင်အိတ်မှတ်ပုံတင်ဘောက်ချာများကိုလည်း ရံဖန်ရံခါစစ်ဆေးရန် အကြံပြုပါသည်။

၇.၄ ထိုစာရွက်စာတမ်းအထောက်အထားများသည်လည်း အင်္ဂလိပ်ဘာသာစကားဖြင့် ဖြစ်ရမည်။ ထိုအထောက်အထားများသည် အင်္ဂလိပ်ဘာသာစကားဖြင့် ဖော်ပြထားခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ပေးထားသည့် အင်္ဂလိပ်ဘာသာပြန် အသိအမှတ်ပြုစာရွက်ကို တစ်ပါးတည်းယူဆောင်လာရမည်။

၇.၅ ပုံမှန်ခရီးစဉ်မဟုတ်ဘဲ ပြေးဆွဲသောသယ်ယူပို့ဆောင်ရေးသည် အပျော်ခရီးစဉ်နှင့်လေ့လာရေးအတွက်သာ အဓိကဖြစ်စေပြီး သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက

တောင်းဆိုလာပါက ခရီးသည်စာရင်းနှင့် ခရီးစဉ်အသေးစိတ်ကို ပြသနိုင်ရမည်။ အကယ်၍ ခရီးသည်စာရင်းနှင့် ခရီးစဉ်အသေးစိတ်ကို တောင်းဆိုချက်အတိုင်းမပြသနိုင်လျှင် CBTP သဘောတူစာချုပ် စည်းမျဉ်း ၂၁၊ အပိုဒ် (၂) အရ မိမိတို့နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို အဖြတ်သန်းခံနိုင်ငံ/ အိမ်ရှင်နိုင်ငံမှ ငြင်းပယ်နိုင်သည်။

၇.၆ မော်တော်ယာဉ်များတွင် ရောမအက္ခရာနှင့် အာရေဗျနံပါတ်များပါဝင်သည့် ယာဉ်မှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံတကာအသိအမှတ်ပြုသတ်မှတ်ထားသော "၁၉၄၉ ကုလသမဂ္ဂ ယာဉ်သွားလာမှုဆိုင်ရာ ဂျနီဗာကွန်ဗင်းရှင်း" နှင့် "၁၉၆၈ ဗီယန်နာကွန်ဗင်းရှင်း" အရ သတ်မှတ်ထားသည့် အောက်ဖော်ပြပါသက်ဆိုင်ရာကုတ်များပါဝင်သည့် နိုင်ငံခွဲခြားသည့် အမှတ်အသားများကိုလည်း မော်တော်ယာဉ်၏နောက်တွင် တပ်ဆင်ထားရမည် -

( က ) Brunei– BRU

( ခ ) Cambodia– K

( ဂ ) Indonesia– RI

(ဃ) Lao PDR– LAO

( င ) Malaysia– MAL

( စ ) Myanmar– MYA

(ဆ) Philippines– RP

( ဇ ) Singapore– SGP

( ဈ ) Thailand– T

(ည) Viet Nam– VN

၇.၇ လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ (သို့မဟုတ်) ယာဉ်မောင်းသူသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်လျှင် ထိုနိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ မော်တော်ယာဉ်အား ၎င်းတို့နိုင်ငံ အတွင်းဝင်ရောက်ခြင်း၊ ထွက်ခွာခြင်းကို တားမြစ်မည်ဖြစ်သည်။

၇.၈ ပါမစ်ကိုရုပ်သိမ်းခြင်း၊ ရပ်ဆိုင်းခြင်းကဲ့သို့သော နောက်ထပ်အရေးယူမှုများ ဆောင်ရွက်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသည် လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ ကျူးလွန်သည့်ပြစ်မှုအသေးစိတ်ကို မိခင်နိုင်ငံ၏အာဏာပိုင်အဖွဲ့အစည်းများထံသို့ ချက်ချင်းသတင်းပို့ရမည်။

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

၇.၉ CBTP သဘောတူစာချုပ်၏ စည်းမျဉ်း (၁၀) အရ မော်တော်ယာဉ်မောင်းများသည် မိမိတို့၏ မိခင်နိုင်ငံမှသတ်မှတ်ထားသည့် နည်းပညာနှင့် ဘေးကင်းလုံခြုံမှုနှင့်ဆိုင်သော စံချိန်စံညွှန်းများနှင့် ကိုက်ညီနေရမည်။ အများဆုံးဝန်တင်နိုင်သည့်တန်ချိန်၊ ဝန်ရိုးခံနိုင်အား၊ အလျား၊ အနံ၊ အမြင့်နှင့် အခြားသောနည်းပညာဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်သည် အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နယ်နမိတ်အတွင်းသွားလာသည့်အခါ ထိုနိုင်ငံများ၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီနေရမည်ဖြစ်သည်။

၇.၁၀ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် သတ်မှတ်ထားသော နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများပေါ်တွင် ရှိနေသည့်အကန့်အသတ်များ (ဥပမာ- မော်တော်ယာဉ်ကို ထိခိုက်ဖြစ်စေနိုင်သည့် တံတားကျဉ်းရှိနေမှု၊ ချိုင့်ခွက်နှင့် မြေပြိုတတ်သည့်နေရာစသည်တို့) ကို ဖြန့်ဝေအသိပေးရမည်။

## ၈။ ခရီးသည်များ၏ပုဂ္ဂိုလ်ရေးပိုင်ဆိုင်မှုများကို ကြိုးကြပ်သည့်အကောက်ခွန်အခွန်ကင်းလွတ်ခွင့်

၈.၁ ခရီးသည်များသွားရောက်မည့်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများအရ ၎င်းတို့ကိုယ်ပိုင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် သယ်ဆောင်ခွင့်ပြုရမည် -

(၁) သွားရောက်မည့်နိုင်ငံမှ သတ်မှတ်ထားသည့် ပမာဏထက်မကျော်လွန်သည့် လူသုံးကုန်ပစ္စည်းများ (ရေမွှေး၊ စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးရွက်ကြီး၊ အရက်၊ ဝိုင်နှင့် ဘီယာ)၊

(၂) သွားရောက်မည့်နိုင်ငံမှ သတ်မှတ်ထားသည့် တန်ဖိုးထက်မကျော်လွန်သော လက်ဆောင်ပစ္စည်းအပါအဝင် စီးပွားရေးနှင့်မသက်ဆိုင်သည့် တခြားသော ကုန်ပစ္စည်းများ၊

(၃) သွားရောက်မည့်နိုင်ငံမှ သတ်မှတ်ထားသည့်တန်ဖိုးထက် မကျော်လွန်သော ငွေစက္ကူပမာဏ။

၈.၂ ထွက်ခွာမည့်နိုင်ငံသို့မထွက်ခွာမီ ထိုစည်းမျဉ်းများကို “စာဖြင့်” ခရီးသည်များကို အသိပေးလိုက်နာစေရမည်ဖြစ်သည်။ ထိုစည်းမျဉ်းပါအချက်အလက်များအသိပေးခြင်းကို

နယ်စပ်ဖြတ်ကျော်ခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကိုပြုလုပ်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများက ဆောင်ရွက်ရမည်ဖြစ်သည်။

၈.၃ မကြာခဏသွားလာသည့် ခရီးသည်များအတွက်ကိုမူ အရေအတွက်ပမာဏပိုမိုကန့်သတ်မှုမျိုး ရှိနိုင်ပါသည်။

**ယာယီဝင်ရောက်ခွင့်**

၈.၄ ရောက်ရှိရာနိုင်ငံအတွင်းနေထိုင်မည် မဟုတ်ဘဲ ယာယီဝင်ရောက်လာသော ခရီးသည်များ၏အသုံးအဆောင်ပစ္စည်းများကိုစရိပ်၌ တန်ဖိုးလျော့ခြင်းနှင့်/ (သို့မဟုတ်) သုံးစွဲခြင်းမှလွဲ၍ မည်သို့သောပြောင်းလဲမှုမှပြုလုပ်ခြင်းမရှိဘဲ နေထိုင်ခွင့်ပြုသည့်ကာလအတွင်း ပြန်လည်တင်ပို့မည်ဆိုပါက အဆိုပါပစ္စည်းများကို အကောက်ခွန်နှင့် အခွန်ကင်းလွတ်ခွင့်ပြုရမည်။ ထို့ပြင်ခရီးသည်များသည် မိခင်နိုင်ငံမှထွက်ခွာစဉ်က ယူဆောင်ခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို ၎င်းတို့၏မိခင်နိုင်ငံသို့ ပြန်လည်တင်ပို့ပါကလည်း အကောက်ခွန်နှင့်အခွန် ကင်းလွတ်ခွင့်ပြုရမည်။

၈.၅ ဤစည်းမျဉ်းပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်မှာ စီးပွားရေးပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းသော (သို့မဟုတ်) တင်ပို့သောပစ္စည်းများမပါဝင်ဘဲ ခရီးသည်များ၏ ခရီးစဉ်အတွင်းအခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ကျိုးကြောင်းဆီလျော်စွာ လိုအပ်သည့် ကိုယ်ပိုင်အသုံးအဆောင်အမျိုးအစားအားလုံး (အသစ် (သို့မဟုတ်) အသုံးပြုပြီး) ပါဝင်သည်။ အောက်ပါပစ္စည်းများပါဝင်ပြီး အဆိုပါပစ္စည်းများသာပါဝင်ရမည် ဟုကန့်သတ်ထားခြင်းမရှိပါ –

( က ) အဝတ်အထည်များ၊

( ခ ) တစ်ကိုယ်ရည်သုံးပစ္စည်းများ၊

( ဂ ) တစ်ကိုယ်ရည်သုံးလက်ဝတ်လက်စားများ၊

( ဃ ) လှုပ်ရှားဓာတ်ပုံများ ရိုက်နိုင်သည့်ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ၊ သင့်တင့်သည့်ပမာဏရှိသည့် ဖလင်နှင့်တိပ်များ၊

( င ) သင့်တင့်သော ဖလင်ပမာဏပါရှိသည့် ရုပ်ရှင်ပရိုဂျက်တာနှင့် ဆက်စပ်ပစ္စည်းများ၊

( စ ) မှန်ဘီလူး(Binoculars)နှင့် တယ်လီစကုတ်မှန်ပြောင်းများ၊

(ဆ) သယ်ဆောင်ရလွယ်ကူသော ဂီတတူရိယာပစ္စည်းများ၊

( ဇ ) အသံဖမ်းစက်နှင့် Compact Disc Player အပါအဝင် သယ်ဆောင်ရလွယ်ကူသော အသံထုတ်စက်များ၊

( ဈ ) သယ်ဆောင်ရလွယ်ကူသော ရေဒီယို၊ ဆယ်လူလာ (သို့မဟုတ်) မိုဘိုင်းဖုန်းများ၊

(ည) သယ်ဆောင်ရလွယ်ကူသော ရုပ်မြင်သံကြားစက်၊

( ဋ ) သယ်ဆောင်ရလွယ်ကူသော လက်နှိပ်စက်၊

( ဌ ) သယ်ဆောင်ရလွယ်ကူသော ကွန်ပျူတာ၊ Tablet နှင့်ဆက်စပ်ပစ္စည်းများ၊

( ဍ ) သယ်ဆောင်ရလွယ်ကူသော ဂဏန်းပေါင်းစက်၊

( ဎ ) ကလေးတွန်းလှည်း၊

(ဏ) မသန်စွမ်းများအတွက်ဘီးတပ်ကုလားထိုင်၊

(တ) အားကစားပစ္စည်းများ။

၈.၆ တိရစ္ဆာန်ဆေးကုသည့်စစ်ဆေးချက်များ၊ ကျန်းမာရေးစစ်ဆေးချက်များနှင့် အပင်နှင့်အပင်ထွက်ပစ္စည်းစစ်ဆေးချက်များသည်လည်း ခရီးသည်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာပိုင်ဆိုင်မှုများအတွက်လည်း အကျုံးဝင်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် “ကမ္ဘာ့ကျန်းမာရေးအဖွဲ့” နှင့် “အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း”၏ စည်းမျဉ်းများနှင့်ပတ်သက်ဆက်နွယ်သည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကို လေးစားလိုက်နာရမည်ဖြစ်သည်။

## ၉။ ခရီးသည်များအား လူဝင်မှုကြီးကြပ်ခြင်း

၉.၁ CBTP သဘောတူစာချုပ်၏ စည်းမျဉ်း (၁၄) လူဝင်မှုကြီးကြပ်ခြင်းအရ နယ်စပ်ဖြတ်ကျော်ခရီးသည်များသည် သက်တမ်းရှိ Passport (သို့မဟုတ်) Passport အစား အသုံးပြုနိုင်သည့် နိုင်ငံတကာခရီးသွားအထောက်အထားများကိုယူလာရမည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီသည် သက်တမ်းရှိ Passport (သို့မဟုတ်) Passport အစား အသုံးပြုနိုင်သည့်နိုင်ငံတကာ ခရီးသွားအထောက်အထားများ နမူနာပုံစံကို အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများထံ ပေးပို့ထားရမည်။

၉.၂ ခရီးသည်များသည် သွားရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းဥပဒေ၊ စည်းမျဉ်းနှင့်အညီ လိုအပ်သည့်အခါ လူဝင်မှုကြီးကြပ်ခြင်းရှင်းလင်းမှုရယူရန်အတွက်

သက်တမ်းရှိဗီဇာ (သို့မဟုတ်) ၎င်းနှင့်အလားတူ စာရွက်စာတမ်းအထောက်အထားများ ပါရှိရမည်။

၉.၃ မော်တော်ယာဉ်မောင်းသူ (သို့မဟုတ်) ယာဉ်အကူများကိုလည်း ဗီဇာလိုအပ်လာလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အဝင်/အထွက် ဗီဇာများထုတ်ပေးသင့်သည်။ မော်တော်ယာဉ်မောင်းသူ (သို့မဟုတ်) ယာဉ်အကူများ၏ ဗီဇာလျှောက်ထားခြင်းကို အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ မိခင်နိုင်ငံမှ တရားဝင်လိုင်စင်ရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူမှ ထုတ်ပြန်ပေးသော အလုပ်အကိုင်လက်မှတ်ဖြင့် ထောက်ခံပေးရမည်။ လျှောက်ထားသူယာဉ်မောင်းသည် ယာဉ်မောင်းလိုင်စင်မိတ္တူကိုလည်း တင်ပြလျှောက်ထားရန် လိုအပ်သည်။

## ၁၀။ **ကျန်းမာရေးစစ်ဆေးခြင်း**

၁၀.၁ CBTP သဘောတူစာချုပ်စည်းမျဉ်း (၁၅) ကျန်းမာရေးစစ်ဆေးခြင်းနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံ၏ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ နိုင်ငံတကာကျန်းမာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရန် ကျင့်သုံးရမည်။

၁၀.၂ စည်းကမ်းချက် (၁) ခုအနေဖြင့် ခရီးသည်များ၊ မော်တော်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်အကူများသည် အောက်ပါအခြေအနေရှိပါက ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများကို ခံယူရန် မလိုအပ်ပါ။ (သို့သော် သီးခြားကိစ္စရပ်များအတွက်စစ်ဆေးခံရမည်)–

(က) ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသော အထောက်အထားများ သယ်ဆောင်လာခြင်း၊

( ခ ) ရောဂါကူးစက်ခံထားရသော (သို့မဟုတ်) အန္တရာယ်ရှိသောနေရာမှ လာရောက်မှုမဟုတ်ခြင်းနှင့် ထိုနေရာအား ဖြတ်သန်းလာမှုမဟုတ်ခြင်း၊

( ဂ ) ပြည်သူလူထု၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော ကူးစက်ရောဂါလက္ခဏာများ ရှိမနေခြင်း။

၁၀.၃ အောက်ပါခရီးသည်များ၊ မော်တော်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်အကူများသည် ကျန်းမာရေးစစ်ဆေးချက်ခံယူရမည်–

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

(က) ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသော အထောက်အထားများ သယ်ဆောင်မလာခြင်း၊

( ခ ) ရောဂါကူးစက်ခံထားရသော (သို့မဟုတ်) အန္တရာယ်ရှိသောနေရာမှ လာရောက်ခြင်း၊ ထိုနေရာအား ဖြတ်သန်းလာခဲ့ခြင်း၊

( ဂ ) ပြည်သူလူထု၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော ကူးစက်ရောဂါလက္ခဏာများရှိနေခြင်း။

၁၀.၄ ကျန်းမာရေးစစ်ဆေးမှုအရခရီးသည်များ၊ မော်တော်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်အကူများတွင် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေမည့်ကူးစက်ရောဂါ ရှာဖွေတွေ့ရှိသည့်အခါ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသည် ရောဂါစတင်ပျံ့နှံ့ခြင်းကို ထိန်းချုပ်ရန်အတွက် နိုင်ငံနယ်နမိတ်အတွင်းဝင်ရောက်မှုကို ငြင်းပယ်နိုင်သည်။ ထိုသူများ၏ ကျန်းမာရေးအခြေအနေသည် ခရီးသွားရန်သင့်တော်လျှင် ၎င်းတို့၏မိခင်နိုင်ငံသို့ ပြန်သွားစေသင့်ပါသည်။

၁၀.၅ ခရီးသည်များ၊ မော်တော်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်အကူများ၏ ကျန်းမာရေးအခြေအနေသည် ခရီးသွားလာရန်မသင့်တော်လျှင် သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းသည် ထိုသူများအားသီးသန့်ထား၍ စောင့်ကြည့်စစ်ဆေးကာ ကျန်းမာရေးစောင့်ရှောက်ပေးပြီး သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့်အညီ သင့်တော်သောလမ်းကြောင်းမှတစ်ဆင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား သတင်းပို့အကြောင်းကြားရမည်ဖြစ်သည်။ ကူးစက်ရောဂါပျံ့နှံ့မှု အခြေအနေရှိနိုင်သည့်သူများကို စောင့်ကြည့်ရမည်ဖြစ်သည်။

၁၀.၆ ခရီးသည်များ၊ မော်တော်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်အကူများသည် ကျန်းမာရေးအဖွဲ့အစည်းများမှ လိုအပ်၍တောင်းခံလာသည့်အခါ (အထူးသဖြင့် ကျန်းမာရေးအရေးပေါ်ဖြစ်ပွားနေစဉ်အတွင်း) ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် စာရွက်စာတမ်းများ (ဥပမာ – အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးထားသည့်လက်မှတ်) ကို ယူဆောင်လာရန် လိုအပ်သည်။

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

## ၁၁။ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ခံမှု

၁၁.၁ သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်သည် ခရီးသည်နှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအကြား သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်းပင်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်သည် အခွင့်အရေးများ၊ တာဝန်များနှင့် တာဝန်ယူမှုများအတွက် စာချုပ်ချုပ်ဆိုသတ်မှတ်ခြင်းပင်ဖြစ်သည်။ ခရီးသည်သည် မော်တော်ယာဉ်လက်မှတ်ကို ပြသနိုင်ပါက ဆိုခဲ့ပါတာဝန်ခံမှုများရရှိပြီးဖြစ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် အခကြေးငွေကောက်ခံ၍ ခရီးသည်ကို ထွက်ခွာသည့်နေရာမှ ဦးတည်ရာနေရာသို့ပို့ဆောင်ပေးရန် တာဝန်ယူခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ခရီးသည်များထိခိုက်ဒဏ်ရာရမှုအတွက် နစ်နာရသည့်အခြေအနေနှင့်အညီ လျော်ကြေးပေးဆောင်ရမည်ဖြစ်သည်။ ၎င်းတွင်ခရီးသည်၏အိတ်ပါ ပိုင်ဆိုင်မှုပစ္စည်းများ၊ ခရီးစဉ်ဖျက်သိမ်းခြင်းနှင့် ခရီးစဉ်နောက်ကျမှုများ၊ မကျေနပ်မှုအတွက် တိုင်တန်းချက်နှင့် လက်မှတ်ကာလသက်တမ်းတို့နှင့် ပတ်သက်သည်များလည်း ပါဝင်ပါသည်။

၁၁.၂ ခရီးသည်၏ထွက်ခွာရာနေရာနှင့် သွားရောက်မည့်နေရာသည် မတူညီသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နယ်နမိတ်အတွင်း တည်ရှိနေသောအခါ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏တာဝန်ခံမှုသည် ခရီးသည်နှင့် ၎င်းတို့၏ခရီးဆောင်အိတ်များအတွက်ပါ အကျုံးဝင်ရမည်။

၁၁.၃ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ လူမဲ့ခရီးဆောင်အိတ်များ သယ်ဆောင်ခြင်းအတွက် တာဝန်ခံနိုင်မှုကိုလည်း သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်ကပင် ထိန်းချုပ်ထားမည်ဖြစ်သည်။

၁၁.၄ ခရီးသည်နှင့်ပို့ဆောင်သူအကြား သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်ကို ခရီးသည်တစ်ဦးချင်းစီအတွက်ဖြစ်စေ၊ ခရီးသည်အုပ်စုအတွက်ဖြစ်စေ လက်မှတ်နှင့်အတူ ထုတ်ပေးနိုင်သည်။ မော်တော်ယာဉ်လက်မှတ်မပါခြင်း၊ ပုံမှန်မဟုတ်ခြင်းနှင့် ပျောက်ဆုံးခြင်းတို့သည် ဤအကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၏ သတ်မှတ်ချက်အတိုင်းဖြစ်သည့် သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်၏ တည်ရှိမှု (သို့မဟုတ်) တရားဝင်မှုအား သက်ရောက်မှုမရှိပါ။

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

၁၁.၅ ခရီးသည်များ၏ မော်တော်ယာဉ်လက်မှတ်တွင် အောက်ဖော်ပြပါအချက်များကို မြန်မာ ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား (၂) မျိုးလုံးဖြင့်ဖော်ပြရမည် –

( က ) သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၏ အမည်နှင့်နေရပ်လိပ်စာ၊

( ခ ) ထွက်ခွာမည့်နေရာနှင့် ရောက်ရှိမည့်နေရာ၊

( ဂ ) ခရီးစဉ်အတွက်ရက်စွဲနှင့် မော်တော်ယာဉ်လက်မှတ် သက်တမ်းရှိသည့် ကာလ၊

(ဃ) သယ်ယူပို့ဆောင်ခဈေးနှုန်း၊

( င ) လက်မှတ်ထုတ်ပေးသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရ၏တာဝန်ယူ မှုပါဝင်သည့်နိုင်ငံ့ဥပဒေကိုးကားချက်။

၁၁.၆ အမည်တင်သွင်းထားသူ (သို့မဟုတ်) ဝယ်ယူသူကိုသာ လက်မှတ်ထုတ်ပေးမည် ဖြစ် သည်။

၁၁.၇ စာရင်းသွင်းထားသော ခရီးဆောင်အိတ်အတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ခရီးသည်မော်တော်ယာဉ်လက်မှတ်နှင့်အတူ ခရီးဆောင်အိတ် မှတ်ပုံတင်ဘောက်ချာပါ ထုတ်ပေးရမည်။

၁၁.၈ ခရီးဆောင်အိတ်မှတ်ပုံတင်လက်မှတ်တွင် အောက်ဖော်ပြပါအချက်များကို မြန်မာ ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား (၂) မျိုးလုံးဖြင့်ဖော်ပြရမည် –

(က) သယ်ဆောင်သူ၏ အမည်နှင့်နေရပ်လိပ်စာ၊

( ခ ) ထွက်ခွာမည့်နေရာနှင့် ရောက်ရှိမည့်နေရာ၊

( ဂ ) ထုတ်ပေးသည့်ရက်စွဲ၊

(ဃ) ခရီးဆောင်အိတ်မှတ်ပုံတင်လက်မှတ်ထုတ်ပေးသော အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အစိုးရ၏တာဝန်ယူမှုပါဝင်သည့် နိုင်ငံ့ဥပဒေကိုးကားချက်။

( င ) ခရီးဆောင်အိတ်အရေအတွက်။

၁၁.၉ ခရီးဆောင်အိတ်မှတ်ပုံတင်လက်မှတ်မပါရှိခြင်း (သို့မဟုတ်) စာရင်းသွင်းထားသော ခရီးဆောင်အိတ်အရေအတွက်နှင့် အလေးချိန်ဖော်ပြရန်ကျန်ရှိသည့်ကိစ္စရပ်များ တွင် ခရီးဆောင်အိတ်အရေအတွက်နှင့် အလေးချိန်သည် လက်ခံနိုင်သည့်အမြင့်ဆုံး ပမာဏဟု ယူဆရမည်။

၁၁.၁၀ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ခရီးဆောင်အိတ်အား စာရင်းသွင်းရာတွင် သိသာထင်ရှားသည့်အခြေအနေများကို စစ်ဆေးသင့်ပြီး လိုအပ်သည့်အခါ ခရီးဆောင်အိတ်မှတ်ပုံတင်ဘောက်ချာပေါ်တွင် သင့်တော်သောမှတ်ချက်များ ပေးရမည်။

၁၁.၁၁ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူမှ ခရီးဆောင်အိတ်ပေါ်၌ မှတ်ချက်ပြုထားခြင်းမရှိလျှင် ထိုခရီးဆောင်အိတ်သည် ကောင်းမွန်သည့်အနေအထားဟု ယူဆရမည်။

၁၁.၁၂ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ဝတ္တရားများသည် သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်ပါအချက်များမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကွဲလွဲနေပါက ခရီးသည်များ၏သဘောတူညီမှုမရလျှင် အဆိုပါအချက်များ ပျက်ပြယ်စေရမည် ဖြစ်သည်။ သို့ရာတွင် အဆိုပါသတ်မှတ်ချက်၏ပျက်ပြယ်မှုသည် စာချုပ်ပါ အခြားသောပြဋ္ဌာန်းချက်များ၏ တရားဝင်မှုကို မသက်ရောက်စေသင့်ပါ။

၁၁.၁၃ ခရီးသည်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူတို့အကြား သဘောတူညီချက်အပေါ် ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် စာချုပ်ပါအချက်များအရဖြစ်စေ/ ထို့ထက်ကျော်လွန်သော ကိစ္စများဖြစ်စေ သက်ဆိုင်ရာနိုင်ငံ၏ အာဏာပိုင်အဖွဲ့ကသာ အပြီးသတ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

၁၁.၁၄ **ဝန်ထမ်းများ၊ အေးဂျင့်များနှင့် တစ်ဆင့်ခံလုပ်ငန်းခွဲဆောင်ရွက်သူများအတွက် တာဝန်ရှိမှု** : သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူအနေဖြင့် ၎င်း၏ဝန်ထမ်းများ၊ အေးဂျင့်များနှင့် တစ်ဆင့်ခံ၍ လုပ်ငန်းခွဲဆောင်ရွက်သူများအားလုံး၏ ဆောင်ရွက်ချက်၊ ပျက်ကွက်မှုအားလုံးအတွက် တာဝန်ရှိသည်။

၁၁.၁၅ **ခရီးသည်များ ဒဏ်ရာရရှိမှုအပေါ် တာဝန်ရှိမှု** : သယ်ယူပို့ဆောင်စဉ်နှင့် ခရီးသည်များ ယာဉ်ပေါ်လိုက်ပါစဉ် (သို့မဟုတ်) ဝင်ရောက်စဉ် (သို့မဟုတ်) ထွက်စဉ်၌ မတော်တဆမှုတစ်ခုကြောင့် သေဆုံးမှု (သို့မဟုတ်) ဒဏ်ရာရမှု (သို့မဟုတ်) အခြားသော ခန္ဓာကိုယ်ထိခိုက်နာကျင်မှု (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာထိခိုက် နာကျင်မှုတို့ကြောင့် ဖြစ်ပေါ်လာသောဆုံးရှုံးမှု (သို့မဟုတ်) ပျက်စီးမှုများအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၌ တာဝန်ရှိပါသည်။

၁၁.၁၆ **နှောင့်နှေးခြင်း** : သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ခရီးသည်နှင့် ၎င်း၏ ခရီးဆောင်အိတ်ရောက်ရှိမှုနှောင့်နှေးခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ အတွက် တာဝန်ရှိပါသည်။

၁၁.၁၇ **မှတ်ပုံတင်ထားသော ခရီးဆောင်အိတ် ပျောက်ဆုံးခြင်း (သို့မဟုတ်) ပျက်စီးခြင်း** : သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ခရီးသည်၏ ခရီးဆောင်အိတ်ကို တာဝန်ယူသယ်ဆောင်ပေးနေခြင်းနှင့် ပို့ဆောင်နေစဉ်ကာလအတွင်း ဖြစ်ပွားခဲ့သော ခရီးဆောင်အိတ်ပျက်စီး/ ပျောက်ဆုံးမှု (သို့မဟုတ်) တစ်စိတ်တစ်ဒေသပျက်စီး ဆုံးရှုံးမှုအတွက် တာဝန်ရှိပါသည်။

၁၁.၁၈ မှတ်ပုံတင်ထားသော ခရီးဆောင်အိတ်ကို သတ်မှတ်ထားသည့် ရောက်ရှိရမည့် အချိန် သို့မဟုတ် ပုံမှန်ရောက်ရမည့်အချိန်ထက် ရက် (၃၀)အတွင်း ပို့ဆောင်နိုင်ခြင်း မရှိပါက ထိုခရီးဆောင်အိတ် ပျောက်ဆုံးသည်ဟု မှတ်ယူနိုင်ပါသည်။ ဤအခြေအနေ တွင် ခရီးသည်သည် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေတောင်းခံပိုင်ခွင့်ရှိသည်။ နောက်ပိုင်း၌ ခရီးဆောင်အိတ် ပြန်ရရှိသည့်အခါတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သူသည် ခရီးသည်အနေဖြင့် တစ်စိတ်တစ်ဒေသဆုံးရှုံးမှု (သို့မဟုတ်) နှောင့်နှေးမှုအတွက် လျော်ကြေးငွေရယူထားစေကာမူ သက်ဆိုင်ရာခရီးသည်ကို ခရီးဆောင်အိတ်ပြန်လည်ရရှိကြောင်း ချက်ချင်းအသိပေးရမည်။ ခရီးသည်သည် ၎င်း၏ခရီးဆောင်အိတ်ကို ပြန်လည်ရယူလိုခြင်းမရှိလျှင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သူသည် အဆိုပါခရီးဆောင်အိတ်ကို ၎င်း၏ဆန္ဒအတိုင်းဆောင် ရွက်ပိုင်ခွင့်ရှိသည်။

၁၁.၁၉ ခရီးသည်သည် ယာဉ်ပေါ်လိုက်ပါနေစဉ် (သို့မဟုတ်) ယာဉ်အတွင်းသို့ ဝင်ရောက်စဉ် (သို့မဟုတ်) ယာဉ်ပေါ်မှဆင်းရန်ပြင်နေစဉ် တစ်ချိန်ချိန်၌ မတော်တဆဖြစ်ရပ်တစ်ခု ကြောင့် ၎င်းသယ်ဆောင်လာသော (သို့မဟုတ်) ၎င်းဝတ်ဆင်လာသော အသုံးအဆောင် ပစ္စည်း အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပျက်စီးဆုံးရှုံးခဲ့လျှင် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူက တာဝန်ယူရမည်။

၁၁.၂၀ တာဝန်ယူမှုအတိုင်းအတာသည် ဥပဒေကြောင်းအရ ကုန်ကျစရိတ်များနှင့် ထပ်တိုး တွက်ချက်မှုများ မပါဝင်ပါ။ တာဝန်ခံမှုအတွက် အမြင့်ဆုံးပေးရမည့် သတ်မှတ်ချက်

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

ကို သယ်ယူပို့ဆောင်ရေးသဘောတူစာချုပ်တွင် ပါဝင်ချုပ်ဆိုသူများအကြား သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၁၁.၂၁ လျော်ကြေးငွေအပြင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူသည် ၎င်း၏လုပ်ဆောင်ပေးနိုင်စွမ်းညံ့ဖျင်းမှုပေါ်မူတည်၍ သယ်ယူပို့ဆောင်ခကို အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပြန်အမ်းရမည်။ သို့သော် ယင်းကိစ္စနှင့်စပ်လျဉ်း၍ အခြားထပ်တိုးပျက်စီးမှုများအတွက် ဖြေရှင်းဆောင်ရွက်ပေးရန် မလိုအပ်ပါ။

၁၁.၂၂ ခရီးသည်သေဆုံးမှု၊ ဒဏ်ရာရမှု (သို့မဟုတ်) အခြားသောခန္ဓာကိုယ်ထိခိုက် နာကျင်မှု (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှု (သို့မဟုတ်) ခရီးဆောင်အိတ်တစ်ခုလုံးပျက်စီးဆုံးရှုံးမှု (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းပျက်စီးဆုံးရှုံးမှု (သို့မဟုတ်) နှောင့်နှေးမှုကြောင့် ပျက်စီးဆုံးရှုံးမှုတို့ကို လျော်ကြေးပေးဆောင်ခြင်းအား ဖြစ်စဉ်ဖြစ်ပွားသည့်နိုင်ငံ၏ တရားရုံးသတ်မှတ်ချက်အတိုင်း ၎င်းတို့၏ဥပဒေအရ ဆောင်ရွက်ရမည်။

၁၁.၂၃ တရားစွဲဆိုခွင့်တောင်းဆိုသူသည်လည်း လျော်ကြေးငွေပေးအပ်မည့်နေရာရှိ တရားရုံး၏ နိုင်ငံတော်ဥပဒေအဆုံးအဖြတ်ကို ခံယူရမည်။

၁၁.၂၄ ထိုကဲ့သို့ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ခရီးသည်၏သေဆုံးမှု၊ ဒဏ်ရာရမှု (သို့မဟုတ်) ခန္ဓာကိုယ် (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုတို့အတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူမှ ပေးရမည့်လျော်ကြေးငွေပမာဏသည် မတော်တဆမှုဖြစ်ပွားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ သတ်မှတ်ချက်အရသာဖြစ်ရမည်။

၁၁.၂၅ **မှတ်ပုံတင်ထားသောခရီးဆောင်အိတ်** : မှတ်ပုံတင်ထားသော ခရီးဆောင်အိတ်ပျက်စီးဆုံးရှုံးမှုအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူက ပေးရမည့်လျော်ကြေးငွေပမာဏသည် မတော်တဆမှုဖြစ်ပွားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ သတ်မှတ်ချက်အရသာဖြစ်ရမည်။

၁၁.၂၆ **လက်ဆွဲခရီးဆောင်အိတ်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာပိုင်ဆိုင်မှုများ** : ခရီးသည်၏ လက်ဆွဲခရီးဆောင်အိတ် (သို့မဟုတ်) ဝတ်ဆင်လာသော (သို့မဟုတ်) သယ်ဆောင်လာသောပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအတွက် သယ်ယူပို့ဆောင်ရေးဆောင်ရွက်သူက ပေးရမည့် လျော်ကြေးငွေပမာဏသည် မတော်တဆမှုဖြစ်ပွားသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ သတ်မှတ်ချက်အရသာဖြစ်ရမည်။

၁၁.၂၇ **နှောင့်နှေးကြန့်ကြာမှု** : ခရီးဆောင်အိတ်ပျက်စီးမှု (သို့မဟုတ်) ခရီးသည်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာပိုင်ဆိုင်မှုပစ္စည်းများ (သို့မဟုတ်) ခန္ဓာကိုယ်ထိခိုက်နာကျင်မှုတို့မှအပ နှောင့်နှေးကြန့်ကြာမှုအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူက ပေးလျော်ရမည့် လျော်ကြေးငွေပမာဏသည် လက်မှတ်ခထက် မပိုသောပမာဏ ဖြစ်ရမည်။

၁၁.၂၈ **သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူ တာဝန်ယူရန် မလိုအပ်သည့် ကိစ္စများ :** အောက်ပါအကြောင်းအရာကိစ္စများကြောင့် မတော်တဆမှု၊ ဆုံးရှုံးမှု၊ နှောင့်နှေးကြန့်ကြာမှု (သို့မဟုတ်) ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့လျှင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူမှ တာဝန်ယူရန် မလိုအပ်ပါ-

(က) မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်ဖြစ်ပွားခြင်း၊

(ခ) ခရီးဆောင်အိတ်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ပိုင်ဆိုင်မှုပစ္စည်းများသည် မူလကတည်းက ချို့ယွင်းချက်များရှိခြင်း၊

(ဂ) ခရီးသည်၏ ပေါ့လျော့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊

(ဃ) ခရီးသည်၏ မူလရောဂါအခံကြောင့် ဖြစ်ပွားခြင်း။

၁၁.၂၉ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသောမော်တော်ယာဉ်၏ ချို့ယွင်းချက်ကြောင့်ဖြစ်စေ (သို့မဟုတ်) ယာဉ်မောင်းနှင်သူ၏ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမရှိခြင်းကြောင့်ဖြစ်စေ ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။

၁၁.၃၀ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူ (သို့မဟုတ်) ထိုသူ၏ဝန်ထမ်းများ၊ အေးဂျင့်များနှင့် **တစ်ဆင့်ခံလုပ်ငန်းခွဲဆောင်ရွက်သူ၏** လုပ်ဆောင်မှု (သို့မဟုတ်) ပျက်ကွက်မှုတစ်ခုခုကြောင့်ဖြစ်ပေါ်လာသော သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ပို့ဆောင်နေစဉ် (သို့မဟုတ်) ရောက်ရှိရမည့်အချိန်ထက် နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့လျှင် ထိုသို့သောကိစ္စရပ်များဖြစ်ပွားစေရန် ရည်ရွယ်ချက်ရှိရှိပြုလုပ်ခြင်း (သို့မဟုတ်) သိလျက်နှင့် မဆင်မခြင်ပြုလုပ်လျှင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူသည် တာဝန်ယူရမည့်သတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ရမည်မဟုတ်ပါ။

၁၁.၃၁ မှတ်ပုံတင်ထားသောခရီးဆောင်အိတ်ကို ပြန်လည်ပေးပို့ပြီးသည့်နောက်တွင် ခရီးသည်သည် ခရီးဆောင်အိတ် အရေအတွက်၊ ပါဝင်သည့်ပစ္စည်းများနှင့် ခရီးဆောင်အိတ်

အခြေအနေတို့ကို စစ်ဆေးသင့်ပါသည်။ ခရီးဆောင်အိတ်ပျက်စီးဆုံးရှုံးမှု (သို့မဟုတ်) မပြည့်စုံမှုများတွေ့ရှိခဲ့လျှင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူထံသို့ ချက်ချင်း "စာဖြင့်" အကြောင်းကြားရမည်။

၁၁.၃၂ မှတ်ချက်မပါသော မှတ်ပုံတင်ထားသည့်ခရီးဆောင်အိတ်ကို လက်ခံရရှိခဲ့လျှင် ထိုခရီးဆောင်အိတ်သည် ပျက်စီးဆုံးရှုံးမှုမရှိဘဲ အကောင်းပကတိအတိုင်း ပေးပို့နိုင်ခဲ့သည်ဟု ယူဆရမည်။

၁၁.၃၃ မတော်တဆဖြစ်ပွားသည့် အချိန်တွင် သက်ဆိုင်ရာ အာဆီယံနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းသတ်မှတ်ချက်ကာလနှင့် "ဘောင်"ဝင်အောင် ဆောင်ရွက်ခြင်းမရှိခဲ့လျှင် ဤလမ်းညွှန်ချက်အရ လျော်ကြေးငွေတောင်းခံသည့်ကိစ္စသည် အချိန်အကန့်အသတ်အရ ဆောင်ရွက်နိုင်မှုမရှိခြင်း ဖြစ်နိုင်ပါသည်။

၁၁.၃၄ အာဆီယံနိုင်ငံများ၏ သက်ဆိုင်ရာ တရားရုံးများအရ လျော်ကြေးငွေပေးဆောင်ခြင်းသည် အောက်ပါအတိုင်း ဖြစ်နိုင်ခြေရှိပါသည်-

(က) သယ်ယူပို့ဆောင်မှုစတင်သည့်နေရာ (သို့မဟုတ်) ဆိုက်ရောက်ရာနေရာ၊

( ခ ) ပျက်စီးဆုံးရှုံးမှုဖြစ်ပွားသည့်နေရာ၊

( ဂ ) သယ်ယူပို့ဆောင်မှုစီးပွားရေးလုပ်ငန်းအဓိကတည်ရှိသည့်နေရာ (သို့မဟုတ်)

(ဃ) တရားစွဲတောင်းဆိုသူ အမြဲတမ်းနေထိုင်ရာနေရာ။

၁၁.၃၅ လျော်ကြေးငွေတောင်းခံခြင်းကို သက်ဆိုင်ရာနစ်နာသူက တောင်းဆိုလာပါက သက်ဆိုင်ရာအဖွဲ့ဝင်များကြားရှိ သဘောတူညီချက်များအပေါ် အခြေခံပြီး စေ့စပ်ဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။

## ၁၂။ မော်တော်ယာဉ်များအတွက် မဖြစ်မနေထားရမည့် သူတစ်ပါးထိခိုက်မှုအာမခံ

၁၂.၁ နယ်စပ်ဖြတ်ကျော် ခရီးသည်သယ်ယူပို့ဆောင်ရေးတွင် ပါဝင်သောယာဉ်များအားလုံးသည် အိမ်ရှင်နိုင်ငံနှင့် အဖြတ်သန်းခံနိုင်ငံများ၏ အာမခံနှင့်ပတ်သက်သည့် လိုအပ်ချက်များကို လိုက်နာရမည်။

It is only “Convenience Translation” .The original English Text remains the formal and legal version.

၁၂.၂ မဖြစ်မနေထားရမည့် အာဆီယံမော်တော်ယာဉ်အာမခံအတွက် အာဆီယံစံနှုန်းတစ်ခု ထူထောင်ရန်လိုအပ်ပါသည်။ အာဆီယံနိုင်ငံများရှိ အာမခံကုမ္ပဏီများသည် အာဆီယံ ဒေသတစ်ခုလုံးအတွက် လွှမ်းခြုံနိုင်သော အာမခံစနစ်ဖြစ်ပေါ်စေရန် ပူးပေါင်းဆောင် ရွက်ကြရမည်။

၁၂.၃ လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများ၏နယ်မြေများအတွင်း ယာဉ်အန္တရာယ်မတော်တဆမှုများမှ ဖြစ်ပေါ်လာ သောသေဆုံးမှု (သို့မဟုတ်) ခန္ဓာကိုယ်ထိခိုက်နာကျင်မှုများနှင့် / (သို့မဟုတ်) ပစ္စည်းဥစ္စာပျက်စီးမှုများအတွက် ၎င်းတို့၏ မော်တော်ယာဉ်များသည် သင့်တော် သော သူတစ်ပါးထိခိုက်မှုအာမခံထားရှိရန် လိုအပ်ပါသည်။ ထို့ပြင် လိုင်စင်ရသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မတော် တဆမှုကြောင့် ဖြစ်ပွားသော ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများသည် ယာဉ်ပေါ် လိုက်ပါလာသူများအပြင် မတော်မဆမှုကြောင့် ထိခိုက်နစ်နာရသည့် အခြားသူများ အတွက်ကိုလည်း တာဝန်ယူရမည်။

၁၂.၄ အာမခံပေါ်လစီကို အိမ်ရှင်နိုင်ငံ၊ ဖြတ်သန်းခံရမည့်နိုင်ငံများ၏ ပြည်တွင်းဥပဒေနှင့် အညီ သီးခြားစီ မဖြစ်မနေဝယ်ယူရမည်။

၁၂.၅ နယ်စပ်ဒေသများ၌ အာမခံဝယ်ယူရာတွင် နှောင့်နှေးကြန့်ကြာခြင်းနှင့် အပိုအသုံး စရိတ်များကုန်ကျခြင်းကို ရှောင်ရှားနိုင်ရန်အတွက် မော်တော်ယာဉ်အာမခံကို အွန်လိုင်းမှတစ်ဆင့် ခရီးမသွားခင်ဝယ်ယူနိုင်စေရန် ASEAN Council of Bureaux (COB) မှ စီစဉ်ဆောင်ရွက်ရပါမည်။ လိုင်စင်ရသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ် ကိုင်သူများသည် ၎င်းတို့၏ခရီးစဉ်မစတင်မီ မိခင်နိုင်ငံ၊ အိမ်ရှင်နိုင်ငံနှင့် အဖြတ် သန်းခံနိုင်ငံတို့၏ အာမခံကိုဝယ်ယူထားရမည်။

၁၂.၆ အာမခံထားသောယာဉ်၏ကြေညာတန်ဖိုး (Insured's Declared Value –IDV) သည် အာမခံစတင်ထားရှိသည့်ကာလ၌ အာမခံသူမှသတ်မှတ်ထားသော အမြင့်ဆုံး တန်ဖိုးဖြစ်သည်။ ယာဉ်သည်အလုံးစုံပျက်စီးဆုံးရှုံးခဲ့လျှင် IDV သည် အာမခံသူမှ အာမခံထားရှိသူကိုပေးရမည့် လျော်ကြေးဖြစ်သည်။ ယာဉ်တစ်စီး၏ IDV တန်ဖိုး သည် အဆိုပါယာဉ်၏ အမှတ်တံဆိပ်နှင့် ထုတ်လုပ်သည့် ခုနှစ်အရ ဈေးကွက်တွင် ရှိနေသော တန်ဖိုးနှင့် ယာဉ်၏သက်တမ်းအရ ပျက်စီးဆုံးရှုံးနိုင်ခြေရှိမှုတို့ကို "ကိုက်ညီ"

ထားသည့် တန်ဖိုးဖြစ်သည်။ ထို့ပြင် ယာဉ်၏အပိုပစ္စည်းများအတွက် သတ်မှတ်ရာ၌ စက်ရုံထုတ်ယာဉ်၏ ရောင်းဈေးတွင် ထည့်သွင်းမထားသော်လည်း တပ်ဆင်ထားသော အပိုပစ္စည်းများ၏ အခြေအနေကိုလိုက်၍ တန်ဖိုးကို ချိန်ညှိရမည်။

## ၁၃။ မော်တော်ယာဉ်များအတွက် နည်းပညာဆိုင်ရာလိုအပ်ချက်များ

၁၃.၁ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ၎င်းတို့နိုင်ငံ၏ မော်တော်ယာဉ်အတွက် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ "စံ" သတ်မှတ်ချက်များကို မျှဝေရမည်။ CBTP သဘောတူစာချုပ်၏ စည်းမျဉ်း (၁၀) အရ CBTP သဘောတူစာချုပ်တွင် အကျုံးဝင်သော ခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်များ (ဘတ်စ်ကားနှင့် မီနီဘတ်စ်ကား) သည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏နည်းပညာနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ "စံ" သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

၁၃.၂ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် CBTP သဘောတူစာချုပ်အရ ၎င်းတို့နိုင်ငံများအတွင်း အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယာဉ်များဝင်ထွက်သွားလာမှုကို ခွင့်ပြုနိုင်ရန် ပြည်တွင်း၌ အသုံးပြုနေသော ဘတ်စ်ကားနှင့် မီနီဘတ်စ်ကားတို့၏ အများဆုံးတင်အား၊ ဝင်ရိုးတင်နိုင်အား၊ ယာဉ်၏ အလျား၊ အနံ၊ အမြင့်နှင့် အခြားသော နည်းပညာဆိုင်ရာ သတ်မှတ်ချက်များကို အသိပေးအကြောင်းကြားထားရမည်။

၁၃.၃ မော်တော်ယာဉ်များသည် ၎င်းတို့၏သက်ဆိုင်ရာ မိခင်နိုင်ငံ၌ ပြဋ္ဌာန်းထားသော "စံ"နှုန်း များကို လိုက်နာရမည်ဖြစ်သော်လည်း အဆိုပါမော်တော်ယာဉ်များသည် နယ်စပ်ဖြတ်သန်း ခရီးသည်သယ်ယူပို့ဆောင်နေစဉ်တွင် အိမ်ရှင်နိုင်ငံနှင့် အဖြတ်သန်းခံနိုင်ငံတို့၏ သက်ဆိုင်ရာ "စံ"နှုန်းများကိုလည်း လိုက်နာရမည်ဆိုသည်မှာ CBTP စာချုပ်၏စည်းမျဉ်း (၁၀) အရ အခြေခံသဘောတရားပင်ဖြစ်သည်။

## ၁၄။ အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်မှု မော်တော်ယာဉ်ပါမစ်ထုတ်ပေးခြင်း (APVP) အတွက် လုပ်ထုံးလုပ်နည်းများ

၁၄.၁ သက်ဆိုင်ရာ အာဆီယံနိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းသည် အခြားနိုင်ငံများကို နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေးဆောင်ရွက်မည့် မော်တော်ယာဉ်များအနေဖြင့် သက်ဆိုင်ရာအဖြတ်သန်းခံနိုင်ငံက သတ်မှတ်ထားသော ယာဉ်၏ တင်အားနှင့် အလျား၊ အနံ၊ အမြင့်တို့သည် ဖြတ်သန်းခံနိုင်ငံ၏ သတ်မှတ်ချက်နှင့် ညီညွတ်စေ

ရေးအတွက် ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။ အာဆီယံနိုင်ငံအသီးသီး၏ မော်တော်ယာဉ်ဆိုင်ရာ သတ်မှတ်ချက်များကို **နောက်ဆက်တွဲ (ဆ)** တွင် ဖော်ပြထားပါသည်။

၁၄.၂ လျှောက်ထားသူများသည် သက်ဆိုင်ရာနေရာ၌ မှတ်ပုံတင်ထားသောလိုင်စင်ရ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သူ ဖြစ်ရမည်ဖြစ်ပြီး ပါမစ်အတွက် ယာဉ်ကိုမှတ်ပုံတင်ရာတွင် လူကိုယ်တိုင်လာရောက် လျှောက်ထားရမည်။ ကုမ္ပဏီကိုယ်စားလျှောက်ထားပါက လျှောက်လွှာပုံစံ၌ပါဝင်သည့် ကိုယ်စားလှယ်ဆောင်ရွက်ခွင့်နေရာ၌ ဖြည့်စွက်ပေးရမည်ဖြစ်သည်။

၁၄.၃ APVP ထုတ်ပေးရန်အတွက် ကန့်သတ်ချက်သည် နိုင်ငံ၏ဆုံးဖြတ်ချက်အရဖြစ်သော်လည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူမှ အာဏာပိုင်အဖွဲ့အစည်းထံသို့ စာရွက်စာတမ်းများဖြင့် လာရောက်လျှောက်လွှာတင်သွင်းသည့်ရက်မှစ၍ ရက်ပေါင်း (၁၄) ရက်မှ (၃၀) ရက်အတွင်း လုပ်ဆောင်ရန်အကြံပြုပါသည်။ လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ပါမစ်လျှောက်ထားခြင်းလုပ်ငန်းစဉ်**

၁၄.၄ **ပါမစ်ကုန်ကျစရိတ်** – CBTP တွင် ပါဝင်ဆောင်ရွက်မည့် လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် မိခင်နိုင်ငံမှသတ်မှတ်သည့်အတိုင်း ပါမစ်လျှောက်လွှာနှင့် ယာဉ်စစ်ဆေးခများ ပေးဆောင်ရမည်ဖြစ်သည်။ အဆိုပါ အခကြေးငွေများမှာ အမှန်တကယ်ကုန်ကျစရိတ်အတိုင်း ပြန်လည်ရယူရန်အတွက်သာ အနိမ့်ဆုံး သတ်မှတ်ကောက်ခံရမည်။ ထုတ်ပေးမည့် APVP သည် အနည်းဆုံး (၁၂) လ သက်တမ်းရှိရန် အကြံပြုပါသည်။

၁၄.၅ **အသိပေးအကြောင်းကြားခြင်း –** မိခင်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်း/ NTTCC သည် APVP ထုတ်ပေးခြင်းအတွက် အသိပေးအကြောင်းကြားစာကို အိမ်ရှင်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်း/ NTTCC ထံသို့ အီးမေးလ်မှတစ်ဆင့် အသိပေးရမည်။ ထိုကဲ့သို့ပေးပို့ရာတွင် နိုင်ငံအလိုက် စီစဉ်ဆောင်ရွက်မှုအပေါ်မူတည်၍ NTTCC ပါဝင်ခြင်း (သို့မဟုတ်) မပါဝင်ခြင်းဖြစ်နိုင်ပါသည်။ အသိပေးအကြောင်းကြားစာ မိတ္တူကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးရုံးသို့ အီးမေးလ်မှတစ်ဆင့် ပေးပို့ပေးရမည်ဖြစ်သည်။

It is only “Convenience Translation” .The original English Text remains the formal and legal version.

၁၄.၆ ဖြတ်သန်းခံရမည့် အိမ်ရှင်နိုင်ငံ၏ NTTCC/CA သည် ပါမစ်အသစ်ထုတ်ပေးပြီး ကြောင်း အသိပေးအကြောင်းကြားစာ လက်ခံရရှိသည့်ရက်မှ (၇) ရက်အတွင်း ပါမစ်ကိုအသိအမှတ်ပြုကြောင်း မိခင်နိုင်ငံ၏ NTTCC/CA သို့ ပြန်လည် အကြောင်း ကြားရမည်။ အကယ်၍ ဖြတ်သန်းခံရမည့် အိမ်ရှင်နိုင်ငံက ပါမစ်ကို အသိအမှတ် ပြုကြောင်း (၇) ရက်အတွင်းပြန်ကြားလာခြင်းမရှိပါက မိခင်နိုင်ငံ၏ NTTCC/CA သည် ဖြတ်သန်းခံရမည့်နိုင်ငံသို့ဆက်သွယ်မေးမြန်းရမည်။

၁၄.၇ သက်ဆိုင်ရာနိုင်ငံ၏အာဏာပိုင်သည် အဖွဲ့အစည်းတစ်ခုချင်းစီသည် ၎င်းတို့မှ ထုတ်ပေးသော ပါမစ်အားလုံးကိုလည်းကောင်း၊ ၎င်းတို့အနေဖြင့် အဖြတ်သန်းခံ နိုင်ငံ (သို့မဟုတ်) အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံပေးရမည့် ပါမစ်အားလုံးကိုလည်း ကောင်း မှတ်တမ်းထားထိန်းသိမ်းရမည်။ အဆိုပါမှတ်တမ်းကို APVP Central Web Portal တွင် တင်နိုင်ရန်အတွက် အင်တာနက်မှတ်တမ်းသွင်းနိုင်သည့် စာရင်း ဖြစ်စေရန်ဆောင်ရွက်ရမည်။

၁၄.၈ **APVP စတစ်ကာ** : အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်ရေး မော်တော် ယာဉ်ပါမစ်ကို ပါမစ်နှင့်ကားလေကာမှန်ပေါ်တွင်တပ်ဆင်မည့် APVP စတစ်ကာ ဟူ၍ အပိုင်း (၂) ပိုင်းဖြင့် ထုတ်ပေးမည်ဖြစ်ပါသည်။

၁၄.၉ နယ်စပ်ဂိတ်ရှိသက်ဆိုင်ရာအာဏာပိုင်များမှ သိမ်းဆည်းထားသည့် ပါမစ်မှတ်တမ်း ဖြင့် ပါမစ်အမှတ်အသားနှင့် စတစ်ကာတို့ကို တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။ ကုတ်၊ ဘားကုတ်သည် တိကျသောပါမစ်နံပါတ်အသေးစိတ်ကိုဖော်ပြပြီး သယ်ယူပို့ဆောင် ရေးလုပ်ငန်းဆောင်ရွက်သူ၏ လိုင်စင်နှင့်ယာဉ်မှတ်ပုံတင်နံပါတ်စသည့် အသေး စိတ်အချက်အလက်များနှင့်ချိတ်ဆက်နိုင်သည်။

၁၄.၁၀ ပါမစ်နံပါတ်တွင် ISO သတ်မှတ်ချက်အရ နိုင်ငံကုတ် (၂) လုံး၊ သယ်ယူပို့ဆောင်သူ၏ လိုင်စင်နံပါတ် (၁၀) လုံး (လိုင်စင်နံပါတ်သည် ၁ မှ ၅၀၀ အထိဖြစ်နိုင်သည်) ပါဝင် ပြီး ပါမစ်စတစ်ကာ၏ အတိုင်းအတာနှင့် အရွယ်အစားမှာ –

- အလျား – ± ၁၁.၅ စင်တီမီတာ
- ဒေါင်လိုက် – ± ၁၁.၈ စင်တီမီတာ

၁၄.၁၁ **APVP ကို ရုပ်သိမ်းခြင်း** : ဖြတ်သန်းခံနိုင်ငံ၏ နယ်နိမိတ်အတွင်း ဖောက်ဖျက် သည့်ပြစ်မှုအတိမ်အနက်နှင့် ကြိမ်ရေပေါ်မူတည်၍ အဆိုပါအခြေအနေကို အဖြတ်

သန်းခံအိမ်ရှင်နိုင်ငံက မိခင်နိုင်ငံထံသို့အသိပေးအကြောင်းကြားနိုင်ပြီး မိခင်နိုင်ငံ အနေဖြင့် အောက်ဖော်ပြပါ နည်းလမ်းတစ်ခုခုဖြင့် အရေးယူရမည်–

(က) ပါမစ်ကိုရုပ်ဆိုင်းကြောင်း (သို့မဟုတ်) ရုပ်သိမ်းကြောင်း (သို့မဟုတ်) လိုင်စင်ရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူကို နောက်ထပ်ပါမစ်ထုတ်ပေး ခြင်းမှ တားမြစ်ကြောင်း အသိပေးအကြောင်းကြားစာထုတ်ပြန်ခြင်း၊

(ခ) ထုတ်ပေးထားသောပါမစ်အား ရုပ်ဆိုင်းခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်း၊

(ဂ) လိုင်စင်ရသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူအား နောက်ထပ်ပါမစ် ထုတ်ပေးခြင်းကို သတ်မှတ်ထားသော အချိန်ကာလတစ်ခုအထိ (သို့မဟုတ်) အမြဲတမ်းအတွက် တားမြစ်ခြင်း။

၁၄.၁၂ သက်ဆိုင်ရာ မိခင်နိုင်ငံက သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူထံ အရေးယူ အပြစ်ပေးမှုကို "စာ" ဖြင့် အသိပေးအကြောင်းကြားရမည်။ မိခင်နိုင်ငံ၏ သက်ဆိုင် ရာအာဏာပိုင်သည် အဆိုပါကိစ္စအတွက် မှတ်တမ်းထားရှိရမည်ဖြစ်ပြီး အဖြတ် သန်းခံရသည့် အိမ်ရှင်နိုင်ငံသို့လည်း ပါမစ်ကို ရုပ်ဆိုင်းခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်းပြုကြောင်း အဆိုပါပါမစ်မိတ္တူများပူးတွဲ၍ အကြောင်းကြားစာ ပေးပို့ ရမည်။

၁၄.၁၃ **ပျောက်ဆုံးသွားသော (သို့မဟုတ်) ခိုးယူခံရသောစာရွက်စာတမ်းများ** : သယ်ယူပို့ ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများသည် စာရွက်စာတမ်းများ ပျောက်ဆုံးသွား ပါက (သို့မဟုတ်) ခိုးယူခံရပါက မိမိနိုင်ငံ၏ အာဏာပိုင်အဖွဲ့ (CA) သို့ တင်ပြရ မည်။ ခိုးယူခံရခြင်းဖြစ်ပါက ရဲစခန်းသို့သတင်းပို့ရမည်။ ရုပ်သိမ်းလိုက်သော ပါမစ်နှင့်နံပါတ်အသစ်ဖြင့် ပါမစ်အသစ်အစားထိုးထုတ်ပေးခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို အိမ်ရှင်နိုင်ငံနှင့်အဖြတ်သန်းခံနိုင်ငံများသို့ အကြောင်းကြား ရမည်။

၁၄.၁၄ ပျောက်ဆုံးသွားသော (သို့မဟုတ်) ခိုးယူခံလိုက်ရသော စာရွက်စာတမ်းများနှင့် ပတ်သက်၍ မိခင်နိုင်ငံသည်ပါမစ်နှင့် စတစ်ကာကို ပြန်လည်ထုတ်ပေးပြီး **<u>နောက် ဆက်တွဲ (ဂ)</u> (သို့မဟုတ်) <u>နောက်ဆက်တွဲ (ဃ)</u>** ကိုအသုံးပြု၍ နောက်ဆုံးအသေး

**It is only "Convenience Translation" .The original English Text remains the formal and legal version.**

စိတ်အချက်အလက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသို့ အသိပေးအကြောင်းကြားရမည်။

**၁၅။ နယ်စပ်ဂိတ်များ၌သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁၅.၁ **သယ်ယူပို့ဆောင်ရေးဆိုင်ရာ စာရွက်စာတမ်းများအား စစ်ဆေးခြင်းနှင့်အတည်ပြုခြင်း** : မိခင်နိုင်ငံ၊ အိမ်ရှင်နိုင်ငံနှင့် အဖြတ်သန်းခံနိုင်ငံများ၏ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့နှင့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့တို့သည် နယ်စပ်ဂိတ်များတွင် သက်ဆိုင်ရာစာရွက်စာတမ်းများကိုစစ်ဆေးခွင့်ရှိပါသည်။ စစ်ဆေးမှုအနေဖြင့် အောက်ပါအတိုင်း အဆင့် (၂) ဆင့်ပါဝင်ပါသည် –

(က) **ပထမအဆင့်စစ်ဆေးခြင်း** – ဘတ်စ်ကားပေါ်တွင် ယူဆောင်လာသောသယ်ယူပို့ဆောင်ရေးဆိုင်ရာ စာရွက်စာတမ်းများကို ဦးစွာ မျက်မြင်စစ်ဆေးခြင်းဖြစ်ပြီး ဘတ်စ်ကားအများစုကို ဤနည်းအတိုင်းစစ်ဆေးမည်ဖြစ်ပါသည်။

(ခ) **ဒုတိယအဆင့်စစ်ဆေးခြင်း** (လိုအပ်လျှင်) – မသင်္ကာဖွယ်ရာကိစ္စရပ်များ၊ ပုံစံမမှန်သောစာရွက်စာတမ်းများ(သို့မဟုတ်) အန္တရာယ်ဖြစ်နိုင်ခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအလိုက် (သို့မဟုတ်) ဒေသအလိုက် အီလက်ထရောနစ်စနစ်ဖြင့်မှတ်ပုံတင်ထားသော စာရွက်စာတမ်းများ၏မှန်ကန်မှုကို ထပ်မံစစ်ဆေးခြင်း။

၁၅.၂ အတည်ပြုခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်မှာကြားခံနိုင်ငံများအနေဖြင့် စာရွက်စာတမ်းလိုအပ်ချက်ကဲ့သို့သော အခြေခံလိုအပ်ချက်များကို မှန်ကန်မှုရှိစေရန်နှင့် အလွယ်တကူစစ်ဆေးနိုင်စေရန်ဖြစ်သည်။ စာရွက်စာတမ်းများ မှန်ကန်မှုမရှိခြင်း (သို့မဟုတ်) ပြည့်စုံမှုမရှိခြင်းဖြစ်ပါက ခရီးသည်ပို့ဆောင်ခွင့်မရှိပါ။

၁၅.၃ နယ်စပ်ဂိတ်များရှိ တာဝန်ရှိသူများသည် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်ပါမစ်သက်တမ်းရှိမှုကို အတည်ပြုနိုင်ရန် ၎င်း၌ APVP ဆိုင်ရာ မှတ်တမ်းတစ်ခုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ အာဆီယံနိုင်ငံများအနေဖြင့် နယ်စပ်ဂိတ်များ၌ ပါမစ်၏လိုအပ်သည့်အချက်အလက်များကို ရရှိနိုင်ရန်နှင့် ပို့ဆောင်ရေးအတွက် အဆင်ပြေသောမော်တော်ယာဉ်ဆိုင်ရာအချက်အလက်များ အလွယ်ရရှိစေရန် ဆောင်ရွက်ထားရမည်။ သို့ဖြစ်ရာ သက်ဆိုင်ရာနေရာ၏ အာဏာပိုင်အဖွဲ့က ကြိုတင်ပေးထားခြင်း (သို့မဟုတ်) Website ၌ လွှင့်တင်ထားခြင်းတို့ဆောင်ရွက်ရမည်။ CBTB စာချုပ်အရ လိုအပ်ချက်များ (အနည်းဆုံး) ကို <u>**နောက်ဆက်တွဲ (ဂ)**</u> နှင့် <u>**နောက်ဆက်တွဲ (ဃ)**</u>

It is only “Convenience Translation” .The original English Text remains the formal and legal version.

တို့တွင် ဖော်ပြထားပါသည်။ အဆိုပါ အချက်အလက်များကို တူညီသော "ဘုံပုံစံဖြင့်" ထိုဒေတာအချက်အလက်များ တသမတ်တည်းပုံစံရှိခြင်းသည် နယ်စပ်ဂိတ်များ၌ အာဏာပိုင်အနေဖြင့် ယာဉ်များသွားလာခွင့်ပြုရန်အတွက် လုံလောက်သော သတင်း အချက်အလက်များရှိသည့် သယ်ယူပို့ဆောင်ရေးထိန်းချုပ်မှုများအတွက် ဘုံအခြေခံ တစ်ခုဖြစ်ပါမည်။ ပါမစ်မှတ်တမ်းကို နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းမှ ဖြည့်စွက် နိုင်သည် (သို့မဟုတ်) အဆိုပြုထားသော APVP Website မှတစ်ဆင့် အီလက်ထရော နစ်စနစ်ဖြင့်ဝင်ရောက်ကြည့်ရှုနိုင်သည်။ CBTP တွင် အသုံးပြုမည့် APVP မှတ်တမ်း အတွက် အနည်းဆုံးလိုအပ်သောဒေတာများကို **နောက်ဆက်တွဲ (ဂ)** နှင့် **နောက် ဆက်တွဲ (ဃ)** တွင် ဖော်ပြထားပါသည်။

**သယ်ယူပို့ဆောင်မှုကို စစ်ဆေးရန်အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ**

၁၅.၄ နယ်စပ်စစ်ဆေးရေးဂိတ်၌ ခရီးသည်ယာဉ်ဆိုက်ရောက်ခြင်း-

(က) သက်ဆိုင်ရာအရာရှိသည် ယာဉ်သေချာမှုရှိစေရန် အောက်ပါတို့ကို မျက်မြင် စစ်ဆေးရမည်-

(၁) အာဆီယံနိုင်ငံဖြတ်သန်းခရီးသည်ပို့ဆောင်မှု မော်တော်ယာဉ် ပါမစ်သည် သက်တမ်းမကုန်ဆုံးသေးခြင်း၊

(၂) မိခင်နိုင်ငံ၏ နိုင်ငံခွဲခြားအမှတ်အမှတ်အသားသည် ယာဉ်ပေါ် တွင် မှန်ကန်သောနေရာ၌ ရှိနေခြင်း၊

(၃) ယာဉ်မှတ်ပုံတင်နံပါတ်ပြားသည် မှန်ကန်သောပုံစံနှင့် ရှင်းရှင်း လင်းလင်းမြင်ရခြင်း။

(ခ) ဤစစ်ဆေးချက်များကို အခြားတာဝန်ရှိအဖွဲ့အစည်းများကလည်း ဆောင် ရွက်နိုင်ပါသည်။ (ဥပမာ- အကောက်ခွန်၊နိုင်ငံအလိုက် တာဝန်ပေးအပ်မှု အရ ဆောင်ရွက်နိုင်သည်။)

(ဂ) သက်ဆိုင်ရာအရာရှိများသည် အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည် ယာဉ်ပို့ဆောင်ရေးမော်တော်ယာဉ်စတစ်ကာကိုလည်း တစ်ပြိုင်တည်းစစ် ဆေးရမည်။

၁၅.၅ **ပထမအဆင့်စစ်ဆေးခြင်း**

(က) သက်ဆိုင်ရာအရာရှိသည် မော်တော်ယာဉ်နှင့် APVP အပြန်အလှန် ကိုက်ညီမှုရှိသည်ကို သေချာစေရန်အတွက် ယာဉ်ပေါ်ပါ အင်္ဂလိပ်ဘာသာ ဖြင့် ရေးသားထားသော သယ်ယူပို့ဆောင်ရေးစာရွက်စာတမ်းများကို စစ် ဆေးရမည်။ ယာဉ်ပေါ်တွင်သယ်ဆောင်ရမည့် သယ်ယူပို့ဆောင်ရေး စာ ရွက်စာတမ်းများကို နယ်စပ်ဖြတ်ကျော်လုပ်ထုံးလုပ်နည်းများ အပိုင်း (၇.၂) တွင် ထည့်သွင်းရေးသားထားပါသည်။

(ခ) ယာဉ်မောင်းသူသည် ပတ်ပို့စ်အပါအဝင် လိုအပ်သော လူဝင်မှု ကြီးကြပ်ရေး စာရွက်စာတမ်းများကို ကိုင်ဆောင်ရမည်။ (လိုအပ်ပါက ဗီဇာအပါအဝင်)

(ဂ) စာရွက်စာတမ်းများအားလုံးအစီအစဉ်တကျရှိလျှင် မော်တော်ယာဉ်သည် အကောက်ခွန်၊ သယ်ယူပို့ဆောင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စ များ ကင်းရှင်းသည်နှင့် သွားလာခွင့်ရှိသည်။

(ဃ) စာရွက်စာတမ်းများ အစီအစဉ်တကျမရှိလျှင် (သို့မဟုတ်) ယာဉ်သည် နောက်တစ်ကြိမ် စစ်ဆေးခံရန်လိုအပ်လျှင် ရွေးချယ်ခံရလျှင် (အန္တရာယ်ရှိ နိုင်သည်ဟု သတ်မှတ်ချက်များအပေါ် အခြေခံ၍) ယာဉ်ကို ဒုတိယအကြိမ် စစ်ဆေးခံရမည့်လမ်းကြောင်း(နေရာ) သို့ သွားရောက်ရမည်။

၁၅.၆ **ဒုတိယအဆင့်စစ်ဆေးခြင်း (သက်ဆိုင်လျှင်)**

(က) **စာရွက်စာတမ်းများ အစီအစဉ်တကျမရှိခြင်း** : သယ်ယူပို့ဆောင်ရေးအရာ ရှိသည် စာရွက်စာတမ်းများ ပျောက်ဆုံးခြင်း (သို့မဟုတ်) စာရွက်စာတမ်း များနှင့်ပတ်သက်၍ မှတ်တမ်းများကိုစစ်ဆေးရန် လိုအပ်လာပါက အာဏာ ပိုင်အဖွဲ့အစည်း၏မှတ်တမ်းများ (သို့မဟုတ်) APVP Website ကို ကိုးကား၍ စစ်ဆေးရမည်။ ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် အဓိကအချက်အလက် များပါဝင်သော APVP နှင့် မော်တော်ယာဉ်တို့အကြား အပြန်အလှန်ချိတ် ဆက်မှုကို အဓိကစစ်ဆေးရန်သာ ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးအရာရှိ များသည် ပါမစ်ပေါ်ရှိအချက်အလက်များကို အတည်ပြုရန် ဒုတိယအကြိမ် စစ်ဆေးခြင်းအတွက် အောက်ပါအတိုင်းစစ်ဆေးရမည့် အချက်အလက်များ ကိုအသုံးပြုရမည် -

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

(၁) ယာဉ်မှတ်ပုံတင်နံပါတ်ပြားသည် ယာဉ်မှတ်ပုံတင်လက်မှတ်နှင့် ကိုက်ညီမှုရှိပါသလား၊

(၂) ပါမစ်ပေါ်ရှိ Chassis နံပါတ်သည် ယာဉ်ပေါ်ရှိ Chassis နံပါတ်နှင့် ကိုက်ညီမှုရှိပါသလား၊

(၃) သူတစ်ပါးထိခိုက်မှုအာမခံသည် လက်ရှိအတွက် ဖြစ်ပါသလား။

(ခ) ဒုတိယအကြိမ် စစ်ဆေးမှုအောင်မြင်လျှင် ယာဉ်မောင်းသူနှင့် မော်တော်ယာဉ်သည် အကောက်ခွန်နှင့်လူဝင်မှုကြီးကြပ်ရေး ကင်းရှင်းသည်နှင့် သွားလာခွင့်ရှိသည်။

(ဂ) ယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို မှန်ကန်ကြောင်းအတည်မပြုနိုင်လျှင် (သို့မဟုတ်) ယာဉ်နှင့်စာရွက်စာတမ်းများ ကိုက်ညီမှုမရှိလျှင် နိုင်ငံ၏စည်းမျဉ်းဥပဒေများအရ သက်ဆိုင်ရာအရာရှိသည် ယာဉ်မောင်းသူထံသို့ ပြစ်ဒဏ်သတိပေးချက်တစ်ခု (သို့မဟုတ်) စာဖြင့်သတိပေးချက်တစ်စောင်ထုတ်ပေးရမည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို အဆုံးသတ်ပြီး ယာဉ်မောင်းသူကို မိခင်နိုင်ငံသို့ ပြန်လည်စေလွှတ်မည်ဖြစ်သည်။ ထိုကဲ့သို့သော အရေးယူဆောင်ရွက်မှုကို အာဏာပိုင်များက မှတ်တမ်းတင်ထားရမည်။

၁၅.၇ **နယ်စပ်ဂိတ်သို့မော်တော်ယာဉ်ရောက်ရှိခြင်း:** သက်ဆိုင်ရာအရာရှိများသည် မော်တော်ယာဉ်အား ကနဦးမျက်မြင်စစ်ဆေးခြင်းကို အပြီးသတ်လုပ်ဆောင်ရမည် –

(၁) **ကနဦးစစ်ဆေးခြင်း** –

(က) APVP သည်သက်တမ်းမကုန်ဆုံးသေးခြင်း၊

( ခ ) မိခင်နိုင်ငံ၏နိုင်ငံ ခွဲခြားအမှတ်သည် ယာဉ်ပေါ်တွင် မှန်ကန်သောနေရာတွင်ရှိနေခြင်း၊

( ဂ ) ယာဉ်နံပါတ်ပြားသည် မှန်ကန်သောပုံစံနှင့် ရှင်းရှင်းလင်းလင်းမြင်ရခြင်း။

**It is only “Convenience Translation” .The original English Text remains the formal and legal version.**

(ဃ) ယာဉ်မောင်းလိုင်စင်သည် လက်ရှိအတွက်ဖြစ်ပြီး ထိုလိုင်စင်သည် ယာဉ်မောင်းသူမောင်းနှင်လာသည့် ယာဉ်အမျိုးအစားကို မောင်းနှင်ခွင့်ပြုထားခြင်း၊

(င) အာဆီယံနိုင်ငံများ၏အာဏာပိုင်အဖွဲ့အစည်းများ၏ လိုအပ်ချက်အရ အခြားသော အခြေခံလိုအပ်သည့်စာရွက်စာတမ်းများ စစ်ဆေးခြင်း။

(၂) **ဒုတိယအကြိမ်ယာဉ်စစ်ဆေးခြင်း** – စစ်ဆေးတွေ့ရှိချက်များအပေါ် ကျေနပ်မှုမရှိလျှင် (သို့မဟုတ်) အန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ချက်များအပေါ် အခြေခံ၍ ယာဉ်ကိုနောက်ထပ်စစ်ဆေးရန် ရွေးချယ်ခံရလျှင် –

(က) ယာဉ်နံပါတ်ပြားသည် ယာဉ်မှတ်ပုံတင်လက်မှတ်နှင့် ကိုက်ညီမှုရှိပါသလား၊

(ခ) ပါမစ်ပေါ်ရှိ Chassis နံပါတ်သည် ယာဉ်ပေါ်ရှိ Chassis နံပါတ်နှင့် ကိုက်ညီမှုရှိပါသလား၊

(ဂ) သူတစ်ပါးထိခိုက်မှုအာမခံသည် လက်ရှိအတွက်ဖြစ်ပါသလား။

၁၅.၈ ယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို မှန်ကန်ကြောင်းအတည်မပြုနိုင်လျှင် (သို့မဟုတ်) ယာဉ်နှင့်စာရွက်စာတမ်းများ ကိုက်ညီမှုမရှိလျှင် နိုင်ငံ၏စည်းမျဉ်းဥပဒေများအရ သယ်ယူပို့ဆောင်ရေးအရာရှိသည် ယာဉ်မောင်းသူထံသို့ ပြစ်ဒဏ်သတိပေးချက်တစ်ခု (သို့မဟုတ်) စာဖြင့် သတိပေးချက်တစ်စောင်ကို ထုတ်ပေးရမည်။

၁၅.၉ စစ်ဆေးချက်များအပေါ် ကျေနပ်မှုရှိလျှင် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးစစ်ဆေးခြင်းများပြီးဆုံးပါက မော်တော်ယာဉ်သည် ဆက်လက်သွားလာခွင့်ရှိသည်။

၁၅.၁၀ NTTCC/CA အသီးသီးသည်လိုင်စင်များနှင့် မော်တော်ယာဉ်ပါမစ်များ ခွဲဝေသတ်မှတ်ရန်နှင့် တင်ပြရမည့်စာရွက်စာတမ်းများအတွက် “စံ” သတ်မှတ်ချက်များကို ဆုံးဖြတ်သတ်မှတ်မည်ဖြစ်ပါသည်။

**<u>နောက်ဆက်တွဲ (က)</u>**

## အာဆီယံနယ်စပ်ဖြတ်ကျော်ခရီးသည်ယာဉ်ပို့ဆောင်မှု မော်တော်ယာဉ်ပါမစ်အသစ်အား အတည်ပြု အကြောင်းကြားစာပုံစံ

| |
|---|
| အာဆီယံနိုင်ငံ<br>များ၏အမှတ်<br>အသားတံဆိပ်ကို<br>ထည့်သွင်းပါ။ |

## အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ယာဉ်ပို့ဆောင်မှုမော်တော်ယာဉ်ပါမစ်အား အတည်ပြု အကြောင်းကြားစာ

သို့ – အိမ်ရှင်နိုင်ငံများ၏သယ်ယူပို့ဆောင်ရေးဆိုင်ရာအာဏာပိုင်အဖွဲ့(အိမ်ရှင်နိုင်ငံများ၏ အမည် ကိုထည့်သွင်းပါ။) ရက်စွဲ – ......................

